# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပပြုလုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြား

## စိုက်ကေများမှ ထွက်ရှိလာသည့် စပါးများနှင့်ပဲတီစိမ်းများကို နိုင်ငံတော်အစိုးရမှဦးစီး၍ ပြည်ပသို့တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်



ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐


**ယနေ့ ဖတ်စရာ**

အဆင့်မြင့်နည်းပညာများမှသည် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးဆီသို့ — ဆောင်းပါး — စာ - ၆



လူငယ်များကို အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ခြင်းမပြုရန် မိုဇမ်ဘစ်သမ္မတ တိုက်တွန်း — နိုင်ငံတကာသတင်း — စာ -၁၃

မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသား အသင်းများ အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည် — အားကစားသတင်း — စာ -၁၆

# မုန်တိုင်းမိုးကြောင့် ဖြစ်ပေါ်တတ်သည့် ရုတ်တရက် ရေကြီးရေလျှံမှုအန္တရာယ်

ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်သည့် မုန်တိုင်းအများစုက အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်း သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း စသည့်ဒေသများသို့ ဝင်ရောက်သွားလေ့ရှိကြပြီး မုန်တိုင်း၏အရှိန်ကြောင့် မြန်မာနိုင်ငံ ဒေသအချို့တွင် မိုးရွာသွန်းလေ့ရှိသဖြင့် မိုးရေလိုနေသည့် လယ်ကွင်းများမှ တောင်သူတို့က မုန်တိုင်းမိုးကို မျှော်လေ့ရှိကြသည်။ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများတွင် မိုးရေချိန်များစွာ ပါလေ့ရှိသဖြင့် တစ်ခါတစ်ရံတွင် ရုတ်တရက် ရေကြီးရေလျှံခြင်း၊ တောင်ကျရေကျဆင်းပြီး မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရန်လိုသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နှစ်ပေါင်း ၈၀ ခန့်အတွင်း မကြုံစဖူး ရွာသွန်းသောမိုးကြောင့် လူများသေဆုံး၊ ပျောက်ဆုံးမှုတို့ဖြစ်ပေါ်ခဲ့ရာ ရုတ်တရက် ရေကြီးရေလျှံမှု၏ အန္တရာယ်ကို ပို၍ပင်သတိပြုဖွယ်ရာဖြစ်ပြီး မိမိတို့နေထိုင်ရာဒေသများတွင် ထိုနည်းတူဖြစ်ပေါ်လာပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်တွေးဆပြင်ဆင်ထားကြရန် လိုသည်။ မိမိတို့နိုင်ငံတွင်လည်း ကုန်းမြင့်ဒေသ မြို့အချို့၌ ရေကြီးရေလျှံမှုနှင့် ထိခိုက်ပျက်စီးမှုတို့ ဖြစ်ပေါ်ခဲ့သည်ကို သတင်းများတွင် တွေ့ရှိရပြီး သစ်ပင်သစ်တောများ ပြုန်းတီးမှု၊ သဘာဝရေစီးရေလာများ ပိတ်ဆို့မှု၊ မြစ်ချောင်းများတွင် လူ့ပယောဂကြောင့် မြစ်ကော ချောင်းကောများ ဖြစ်ပေါ်မှုတို့ကြောင့် ရေကြီးရေလျှံမှုကို ပိုမိုဆိုးရွားစေကြောင်း ဝေဖန်မှုများကိုလည်း တွေ့ရှိရသည်။

ရုတ်တရက်ရေကြီးရေလျှံမှုသည် ရေစီးကြောင်း၏ အထက်ပိုင်းတစ်နေရာတွင် မိုးရေချိန်များစွာ ရွာသွန်းရာမှ ရေများ အလုံးအရင်းဖြင့် အရှိန်ပြင်းစွာ ကျဆင်းလာခြင်းဖြစ်ပြီး မိနစ်ပိုင်းအတွင်း သို့မဟုတ် နာရီပိုင်းအတွင်း အနိမ့်ပိုင်းများကို ရေဖုံးလွှမ်းသွားတတ်သည်။ ထို့နောက် အချိန်တိုအတွင်းမှာပင် ရေများ ပြန်လည်ကျဆင်းသွားတတ်သည်။ ရုတ်တရက် ရေလွှမ်းမိုးရာတွင် ရေထုထည်ပမာဏ မည်မျှများပြားမည်ကို မခန့်မှန်းနိုင်ခြင်းကြောင့် တိမ်းရှောင်ရန် နှောင့်နှေးရာမှ ရေဘေးသင့်ကြရသည်။ ရုတ်တရက် ရေလွှမ်းမိုးမှုတွင် ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်များအနေဖြင့် မြေပြိုခြင်း၊ ကမ်းပါးပြိုကျခြင်း၊ ပြင်းထန်သော ရေစီးကြောင်းများ ဖြစ်ပေါ်ခြင်း၊ မြို့များတွင် ရေဖုံးလွှမ်းသွားသည့်အခါ မြေအောက်ရေမြောင်းများ၊ တွင်းပေါက်၊ မြောင်းပေါက်များ၊ မြေတိုက်ခန်းများ၊ ရေတွင်းများ စသည်တို့ကို မမြင်ရတော့သည့်အတွက် ချော်ကျပြီး နစ်မြုပ်မျောပါခြင်း၊ ဓာတ်လိုက်ခြင်း၊ လမ်းမများပေါ်တွင် အရှိန်အဟုန်ဖြင့် စီးဆင်းနေသည့် ရေစီးကြောင်းကို ဖြတ်သန်းရာမှ မျောပါခြင်း စသည့်အန္တရာယ်များကို တွေ့ကြုံရနိုင်သည်။

ရုတ်တရက် ရေကြီးရေလျှံမှုအန္တရာယ်မှ တိမ်းရှောင်နိုင်ရန်အတွက် မိုးလေဝသ သတင်းများကို မျက်ခြည်မပြတ် နားစွင့်ရယူနေရန် လိုအပ်သည်။ မိမိဒေသအတွင်းရှိနေသည့် မြစ်များ၊ ချောင်းများနှင့် လတ်တလောရေစီးဆင်းခြင်းမရှိသည့် ချောင်းခြောက်များမှ ရေများအလုံးအရင်းဖြင့် စီးဆင်းလာနိုင်သည်ကို သတိပြုရမည်။ တောင်ပြို မြေပြိုနိုင်သည့် နေရာများနှင့် ရေစီးဆင်းလာပါက ကမ်းပါးပြိုနိုင်သည့် နေရာများကို ရှောင်ရှားကာ ရေလွတ်သည့် အမြင့်ပိုင်းနေရာများတွင် ခိုလှုံရမည်။ ရေဖုံးလွှမ်းပါက အန္တရာယ်ရှိနိုင်သည့် ကျင်းချိုင့်များ၊ တွင်းများ၊ အပေါက်များ၊ ရေမြောင်းများ၊ မြေအောက်မြောင်းများကို မှတ်သားထားပြီး ရှောင်ရှားသွားလာရန်၊ ပြင်းထန်သည့် ရေစီးကြောင်းများကို ဖြတ်သန်းခြင်းမပြုရန်တို့ကို သတိပြုကြကာ အသက်ကို ဉာဏ်စောင့်သည်ဟူသော ဆိုရိုးနှင့်အညီ ဉာဏ်ပညာဗဟုသုတတို့ဖြင့် မိမိနှင့်တကွ မိမိနှင့်သက်ဆိုင်သူတို့ကိုပါ စောင့်ရှောက်သမှု ပြုနိုင်ကြပါစေကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သေတဲ့သူကသေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ”** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ ပေါ်ဆန်းဘေးကြားစိုက်ပျိုးတောင်သူများနှင့် ရောဟသ်ာကုမ္ပဏီမှ တာဝန်ရှိသူများတွေ့ဆုံ တောင်သူများကို အတိုးမရှိ ငွေထုတ်ချေးပေးနိုင်ရန်အတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေး



**ရေကြည် ဩဂုတ် ၉**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု နွားရေတိုက်ကျေးရွာ ရတနာသုခကျောင်းတိုက်အတွင်းရှိ သာသနာ့ဗိမာန်တွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ရောဟသ်ာကုမ္ပဏီမှ တာဝန်ရှိသူများက ပေါ်ဆန်းဘေးကြားစိုက်ပျိုးတောင်သူများနှင့် ယနေ့နံနက်ပိုင်းက တွေ့ဆုံကာ တောင်သူများကို အတိုးမရှိ ငွေထုတ်ချေးပေးရန်အတွက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲကျင်းပသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က ရေကြည်ပေါ်ဆန်းဘေးကြားစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ မျိုးသန့်ကို စိုက်ပျိုးကြရန်နှင့် စိုက်ခင်း၊ အခြောက်ကြဲခင်း၊ တမန်းကြဲခင်းအကြောင်းရှင်းပြပြီး အစားထိုး မိုးနေကြာပါ ထည့်သွင်းစိုက်ပျိုးသင့်ကြောင်း ပြောကြားသည်။

ထို့နောက် ရောဟသ်ာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစည်သူစိုးက ပေါ်ဆန်းဘေးကြားစိုက်တောင်သူများကို တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် အတိုးမရှိထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့် စပါးကို ပေါက်ဈေးအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း ပြောကြားသည်။

ရေကြည်မြို့နယ် ကျေးရွာအုပ်စု လေးအုပ်စု၌ ရေကြည်ပေါ်ဆန်းဘေးကြား စိုက်ပျိုးဧက ၂၆၃၈ ဧက၊ မျိုးသန့် ၅၁ ဧက မျိုးသန့် လွှမ်းခြုံနိုင်ရေးနှင့် လာမည့်နှစ်တွင် ဧက ၅၀၀၀ ကျော် လွှမ်းခြုံနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ရေကြည်မြို့နယ် ရေကြည်ပေါ်ဆန်းဘေးကြားစပါးနှင့် ရွှေဘိုပေါ်ဆန်းစပါး နှစ်မျိုးကို လယ်တစ်ကွက်တည်း စပါးငန်းခွဲပြီး ယှဉ်ကာ စိုက်ပျိုးကြည့်မည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၃ ရက်တွင် တောင်သူများ ပေါ်ဆန်းဘေးကြား စပါးပျိုးခင်းများ စတင်ထောင်ကြကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး ရှင်းလင်းတင်ပြစဉ်။

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဒေသ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများ၊ နိုင်ငံစီးပွာရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းမှုများ ရရှိရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာဖူလုံရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ်နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သည့် မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လမ်းညွှန်ဆွေးနွေးသည်။

ဆက်လက်၍ အဆိုပါစိုက်ကေများမှ ထွက်ရှိလာသည့် စပါးများနှင့် ပဲတီစိမ်းများကို နိုင်ငံတော်အစိုးရမှဦးစီး၍ ပြည်ပသို့တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးနှင့် ပဲများ ထွက်ရှိမှုအပေါ် မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန် လိုအပ်မှုမရှိခြင်းကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များ လမ်းညွှန်မှာကြား၍ ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို**
- **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ်နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်**

# ရှမ်းပြည်နယ်၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ဘေးအန္တရာယ်ပေါင်း ၂၂၈ ကြိမ် ဖြစ်ပွားခဲ့

တောင်ကြီး ဩဂုတ် ၉

**ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက်က တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက ရှမ်းပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ဘေးအန္တရာယ်ပေါင်း ၂၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီးအိမ်ထောင်စု ၁၀၅၂၆ စုကျော်လူဦးရေ ၄၅၂၉၁ ဦးကျော် ဘေးဒဏ်ခံစားခဲ့ရပြီး သေဆုံးသူ ၆၇ ဦး၊ ဒဏ်ရာ ရရှိသူ ၁၁၆ ဦးရှိခဲ့ရာ ကယ်ဆယ်ရေးပစ္စည်းနှင့် ရန်ပုံငွေတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၈၃၂ သိန်းကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ယခုလတ်တလောတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်အတွင်း တောင်ကြီး၊ ရပ်စောက်၊ ကျောက်မဲနှင့် တာချီလိတ်မြို့နယ်များတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သလို ရေဘေးသင့်ပြည်သူများကိုလည်း ကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်း၍ ဆန်ရိက္ခာထောက်ပံ့မှုများလည်း ဆောင်ရွက်ထားရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ရှမ်းပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင် ၂၁ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် အုပ်ချုပ်ရေးအဖွဲ့ခွဲများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စာရင်းစစ်မှူးများသည် စစ်ဆေးရေးအဖွဲ့ကို ဦးဆောင်ရသူများဖြစ်၍ စစ်ဆေးရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်-၃၇ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**မှန်ကန်စွာ ဦးဆောင်လမ်းပြ**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် က စာရင်းစစ်မှူးများသည် စစ်ဆေးရေးအဖွဲ့ကို ဦးဆောင်ရသူများဖြစ်၍ စစ်ဆေးရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာစာရင်းစံများနှင့်အညီ ဆောင်ရွက်နိုင်ရန်သာမက နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ ဌာနအဖွဲ့အစည်းများ၏ သဘောသဘာဝများနှင့် နည်းပညာဆိုင်ရာ ပြောင်းလဲတိုးတက်မှုများကိုလည်း နားလည်သိရှိ လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ဆေးရေးရည်မှန်းချက်များ ရရှိစေရန်အတွက် စစ်ဆေးရမည့်ဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်လေးစားမှုဖြင့် ဆက်သွယ် ဆောင်ရွက်တတ်ရန်နှင့် စာရင်းစစ်အဖွဲ့ကို မှန်ကန်စွာ ဦးဆောင်လမ်းပြနိုင်ရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းတွင် စွမ်းဆောင်ရည်မြှင့်တင်သည့် နည်းလမ်းတစ်ခုအဖြစ် စစ်ဆေးရေး လုပ်ငန်းစဉ်များကို Role Play ပုံစံဖြင့် လက်တွေ့လုပ်ဆောင်မှု ထည့်သွင်းဆောင်ရွက်စေခဲ့ကြောင်း။

**စဉ်ဆက်မပြတ်လေ့လာ**

သင်တန်းသားများသည် သင်တန်းမှ သင်ကြားပို့ချမှုများဖြင့် ရပ်တန့်မနေဘဲ ပညာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ ပြည့်ဝစေရန် ကိုယ်တိုင်လေ့လာသင်ယူမှုများဖြင့် စဉ်ဆက်မပြတ်လေ့လာသင်ယူ၍ နိုင်ငံတော်အပေါ်သစ္စာစောင့်သိပြီး မိမိ၏ဌာနတာဝန်၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

**ဖွင့်လှစ်သင်ကြား**

အဆိုပါ သင်တန်းကို စာသင်ခန်းတက်ရောက် (Face To Face) ဖြင့် သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ပြည်ထောင်စုနယ်မြေ အပါအဝင် သင်တန်းသား ၁၀၇ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့၌ ကျောင်းကျန်းမာရေးသီသင်းပတ်အခမ်းအနားကျင်းပ

**လက်ပံတန်း ဩဂုတ် ၉**

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် အခမ်းအနားကို အထက(၁) နဝဒေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။**

အခမ်းအနားတွင် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန် ဒေါက်တာ တင်ဇော်ဝင်းက ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းအကြောင်းနှင့် ကျန်းမာရေး အသိပညာပေး ပြောကြားကာ ကျောင်းသား ကျောင်းသူများကို တိုက်ကျွေးရန် သန်ချဆေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြိုင်ပွဲတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများကို ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ပူတာအိုမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပ

**ပူတာအို ဩဂုတ် ၉**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ပူတာအိုဒေသရှိ လူငယ်များ မူးယစ်ဆေးဝါး အန္တရာယ်မှ ကင်းဝေးစေရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးငွါးခီရဲ့က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာက မူးယစ်ဆေးဝါး စတင်ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါးသုံးစွဲစေသော အကြောင်းအရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ကြောင့် ရရှိလာမည့်ဆိုးကျိုးများ၊ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်သူက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ခေါင်းစဉ်ကို ပရိုဂျက်တာဖြင့် ပြသကာ အသိပညာပေးဟောပြောပြီး အမှတ်(၉၉) ယာဉ်ထိန်း ရဲတပ်ဖွဲ့ စုမှူး ရဲအုပ် စောအောင်ကိုကိုက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဥပဒေများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၅၀ ခန့်သည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင် ပြသထားရှိမှုများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ရက်ကန်းပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**မုဒုံ ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာများ အတတ်ပညာများ ပိုမိုထွန်းကားစေရန်နှင့် ရက်ကန်းပညာရှင်များ တိုးပွားလာစေရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းများအနေဖြင့် အခြေခံလက်ရက်ကန်းခြောက်လသင်တန်းကို ဘာသာရပ်ခြောက်ခုဖြစ်သည့် လက်ရက်ကန်း၊ အထည်ဒီဇိုင်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်၊ သဘာဝဆိုးဆေး၊ အထည်ခွဲစိတ်လေ့လာခြင်း၊ အခြေခံစက်ချုပ်ဘာသာရပ်များကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်ပေးပြီး စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးသည်။

အဆိုပါသင်တန်းများကို အသက် ၁၈ နှစ်မှ ၃၀ အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူများ တက်ရောက်ခွင့် ရရှိမည်ဖြစ်ပြီး သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၂၀ လက်ခံသင်ကြားပေးကြောင်း၊ သင်တန်းကျောင်းတွင် အဆောင်နေထိုင်ခွင့်နှင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ပံ့ပိုးပေးသည့်အပြင် သင်တန်းတက်ရောက်ပြီးပါက ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် လိုအပ်သည့် အထောက်ကူများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်ထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဥတ္တရသီရိမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု အောင်ချမ်းသိမ်ကျေးရွာ ဓမ္မဓရ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် နည်းပညာသင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာ ကျေးရွာနေပြည်သူများ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေ တိုးပွားစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

ဆက်လက်၍ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းသား သင်တန်းသူများကို အားပေးစကားပြောကြားကြသည်။

အဆိုပါ သင်တန်းတွင် တောင်ညိုကျေးရွာအုပ်စုအတွင်းရှိသင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်၍ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း ၁၂ မျိုးကို သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## ကြူကုတ်-ဝမ်တိန်တံတား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

**ပန်ဆိုင်း ဩဂုတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့ရှိ နှစ်နိုင်ငံနယ်စပ် ကြူကုတ်-ဝမ်တိန်တံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မူဆယ်မြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်ကျော်မိုး၊ ပန်ဆိုင်း(ကြူကုတ်)မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်နှင့် ဌာနဆိုင်ရာများ၊ ယူနန်ပြည်နယ်ခွဲ ရွှေလီပြည်ပရေးရာဌာန ဒုတိယပြည်ပရေးရာဌာနမှူး ဒေါ်ဖြူဖြူဝင်း ဦးဆောင်သည့်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းက နှစ်နိုင်ငံနယ်စပ် ကြူကုတ်-ဝမ်တိန်တံတား မြန်မာဘက်အခြမ်း၌ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တံတားပြုပြင်ခြင်းကို တစ်ဖက်နိုင်ငံမှ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မသက်ဆိုင်သူများ ဝင်ရောက်မှုမရှိစေရေးအတွက် မြန်မာဘက်ခြမ်း တံတားထိပ်ပြင်ပယခင်ကာရံထားသည့် သုံးမီတာမှ ယခုထပ်မံ၍ ကိုးမီတာခန့်နောက်ဆုတ်ကာ ဘလိတ်ခါးသံဆူးကြိုးဖြင့် ယာယီ ခြံစည်းရိုးထားရှိခြင်း၊ တရုတ်နိုင်ငံဘက်တံတား ချဉ်းကပ်ခုံတစ်လျှောက်နှင့် မြန်မာနိုင်ငံဘက်ခြမ်းတံတားချဉ်းကပ်ခုံတစ်လျှောက် မီတာ ၅၀ စီအတွင်း ကျောက်စီမြေထိန်းနံရံ ပြုလုပ်ခြင်းတို့နှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်း ဆွေးနွေးကြကြောင်း သိရသည်။



ပန်ဆိုင်း(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်

**ရွှေတောင် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစိုးလင်းက ရွှေတောင်မြို့နယ်တွင် မွေးမြူထားရှိသည့် ဒေသနွားများကို နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မေထုန်မဲ့ သားစပ်နည်းဖြင့် မျိုးမြှင့်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါ သင်တန်းသို့ CAHW တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၀ တက်ရောက်ကြပြီး သင်တန်းကို လေးရက်ဖွင့်လှစ်မည်ဖြစ်ကာ ၎င်းသင်တန်းတွင် မျိုးသန့်နွားမ၏ အင်္ဂါလက္ခဏာများ၊ နွားမများတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ အစာအာဟာရပညာရပ်များနှင့် သားအောင်နှုန်းကောင်းစေရန်အတွက် သတိပြုရမည့် သားစပ်ပညာရပ်များကို ပို့ချသင်ကြားပေးမည်ဖြစ် ကြောင်း သိရသည်။

ကိုကိုမင်း( ပြန်/ ဆက်)



## ဟိုပုံးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်

**ဟိုပုံး ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စငေါ်ကျေးရွာအုပ်စုအတွင်းရှိ စငေါ်-စအွန်ကျေးရွာချင်းဆက်လမ်းတွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စငေါ် ကျေးရွာအုပ်စုအတွင်းရှိ စငေါ်-စအွန်ကျေးရွာချင်းဆက်လမ်း မိုင်တိုင် ၂၆ မှ ၂၇ ကြားတွင် မြေစာပြိုကျမှုဖြစ်ပွားပြီး မြောင်းကူးတံတားတစ်စင်း ပြိုကျမည့်အခြေအနေ ဖြစ်ပေါ်ခဲ့သည်။ အလားတူ စအွန်-ခိုလပ် ကျေးရွာချင်းဆက်လမ်းတွင် တောင်ပြိုကျမှုကြောင့် ကျေးရွာ ချင်းဆက်လမ်းပေါ်သို့ မြေစာပြိုကျမှုများဖြစ်ပွားကာ မော်တော်ယာဉ်များ သွားလာ၍မရကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# အဆင့်မြင့်နည်းပညာများမှသည် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးဆီသို့

စိုးနိုင်ထွန်း(ကနီ)

ယနေ့ကမ္ဘာ့လူသားများသည် Information Age ဟုခေါ်သော သတင်းအချက်အလက် နည်းပညာခေတ်မှသည် Imagination Age ဟုခေါ်သော စိတ်ကူးစိတ်သန်း၊ စိတ်အာရုံတို့ဖြင့် တီထွင်ဖန်တီးနိုင်သော နည်းပညာခေတ်ကြီးတွင် နေထိုင်နေကြသူများ ဖြစ်လာသည်။ ဉာဏ်ရည်တုခေါ် Artificial Intelligent (AI) နည်းပညာများ၊ 4G၊ 5G နည်းပညာများသည် ယခင်က စိတ်ကူးနှင့်ပင် မှန်းဆ၍ မကြည့်ဖူးသော နည်းပညာများဖြစ်သည်။ ယင်းကဲ့သို့ စိတ်ကူးစိတ်သန်း၊ စိတ်အာရုံတို့ဖြင့် တီထွင်ဖန်တီးလာနိုင် သောခေတ်ကို စတုတ္ထစက်မှုတော်လှန်ရေး (The Fourth Industrial Revolution or Industry 4.0) ခေတ်ဟု ခေါ်ဆိုကြသည်။

ပထမစက်မှုတော်လှန်ရေး (First Industrial Revolution) သည် လက်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်ခေတ်မှ ရေနှင့်ရေနွေးငွေ့တို့ကို အသုံးပြုပြီး စက်ဖြင့် စတင်လည်ပတ်နိုင်သည့် ၁၇၆၀ ပြည့်ကုန်နှစ်များမှ ၁၈၄၀ ပြည့်နှစ်အထိ ဖြစ်ပြီး ဒုတိယစက်မှုတော်လှန်ရေး (Second Industrial Revolution) ကာလကို ၁၈၇၁ ခုနှစ်မှ ၁၉၁၄ ခုနှစ်အထိ သတ်မှတ်ထားသည်။

တတိယ စက်မှုတော်လှန်ရေး (The thirth Industrial Revolution) ကို ဒုတိယကမ္ဘာစစ်ကြီးပြီးချိန် နှစ်ဆယ်ရာစုနှောင်းပိုင်းအဖြစ် သတ်မှတ်ထားပြီး ယင်းခေတ်ကို Digital Age ဟု သတ်မှတ်ကြသည်။ ကွန်ပျူတာကို စတင်ထုတ်လုပ်အသုံးပြုနိုင်ခြင်း၊ လကမ္ဘာသို့ လူသားများ စတင်အခြေချနိုင်ခြင်းတို့ကဲ့သို့သော အံ့ဖွယ်ဆောင်ရွက်ချက်များကို လုပ်ဆောင်နိုင်ကြပြီဖြစ်သည်။ ယင်းတတိယစက်မှုတော်လှန်ရေး စတင်သည့်ကာလတွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီလက်အောက်မှ လွတ်လပ်ရေး ရရှိခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်မှ ယနေ့ခေတ်ကာလအထိ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးတို့ မည်မျှပင် ပြောင်းလဲစေကာမူ စိုက်ပျိုးရေးကို အခြေခံကာ နိုင်ငံတော်၏ မောင်းနှင်အားတစ်ရပ်အဖြစ် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် စက်မှုလယ်ယာကဏ္ဍ



စာတွေ့သင်တန်းချိန် အပြန်အလှန် ဆွေးနွေးခြင်း။

❖ **“လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုအသိအမှတ်ပြုသင်တန်း” ကို ဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်တွင် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နည်းပညာများ မြင့်မားလာပြီး စက်ကိရိယာများ တိုးတက်သုံးစွဲလာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်နိုင်သည့် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးနှင့် စက်မှုလယ်ယာကဏ္ဍကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ရပ်တည်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်**

သည်လည်း နိုင်ငံအတွက် မရှိလျှင်မဖြစ်သည့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာပေသည်။ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍကို ခေတ်



စာတွေ့နှင့် သရုပ်ပြ ပို့ချခြင်း။

အမျိုးမျိုး၊ စနစ်အမျိုးမျိုး၌ အုပ်ချုပ်သူအစိုးရအဆက်ဆက်တို့က နည်းအမျိုးမျိုး၊ စီမံကိန်းအထွေထွေတို့ဖြင့် အကောင်အထည်ဖော်ခဲ့ကြပါသည်။ ယခုအခါတွင် နည်းပညာများ မြင့်မားလာသည်နှင့်အမျှ ယင်းနည်းပညာအကူအညီဖြင့် နိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍအပါအဝင် အခြားအခြေခံအဆောက်အအုံများစွာကို တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးစားရန် လိုအပ်လာပေသည်။

### မြန်မာနိုင်ငံတွင် စက်မှုလယ်ယာစနစ် ကျင့်သုံးလာခြင်း၏အစ

မြန်မာနိုင်ငံတွင် ၁၉၂၁ ခုနှစ်မှစတင်၍ စိုက်ပျိုးရေးဌာနလက်အောက်၌ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနစိတ်တစ်ခုကို ဖွဲ့စည်းကာ သိပ္ပံထယ်၊ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်ကိရိယာနှင့် ရေစုပ်ပန့်ကဲ့သို့သော လယ်ယာသုံးစက်ကိရိယာများကို စတင်စမ်းသပ်သုံးစွဲဆောင်ရွက်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနအောက်တွင် ထွန်စက်ယန္တရားတပ်ဆင်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီး စက်မှုလယ်ယာလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ထွန်စက်ယန္တရား တပ်ဆင်ရေးဘုတ်အဖွဲ့အစား စိုက်ပျိုးရေးအင်ဂျင်နီယာဌာနစိတ်ကို ဖွဲ့စည်းကာ သံကြိုးပတ်ထွန်စက်များဖြင့် မြေရိုင်းများ ဖော်ထုတ်ခြင်းနှင့် တောင်သူပိုင်လယ်မြေများကို အခကြေးငွေဖြင့် ထွန်ယက်ပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနအောက်ရှိ မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း (မြေ၊ ကျေး၊ ရှင်း) တွင် စက်မှုလယ်ယာစီမံကိန်းဌာနခွဲကို ဖွဲ့စည်းကာ လယ်ယာစက်မှုတပ်ဆင်ရေးကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရန် “စက်မှုလယ်ယာစီမံကိန်း” တစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပြီး ၁၉၆၂ ခုနှစ် စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်စွဲပါ တော်လှန်ရေးကောင်စီအစိုးရ၏ အမိန့်ကြော်ငြာချက်အမှတ် (၉၇) အရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနလက်အောက်ရှိ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း (မြေ-ကျေး-ရှင်း)မှ စက်မှုလယ်ယာစီမံကိန်းကို ခွဲထုတ်ကာ စက်မှုလယ်ယာဦးစီးဌာနအဖြစ် လုပ်ငန်းစီမံချက်များ ချမှတ်ကာ ပြန်လည်ဖွဲ့စည်းခဲ့သည်။

### စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ လိုအပ်လာခြင်း

ထိုသို့ နိုင်ငံတော်က စီမံဆောင်ရွက်လာခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုလုပ်ကိုင်ခြင်း၏ ထိရောက်အကျိုးရှိခြင်းကို တောင်သူလယ်သမားများကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်လာကြသည်။ ထို့ကြောင့် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အဆိုပါ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုသည့် တောင်သူလယ်သမားတို့အား စက်ကိရိယာများနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာ လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာပြန်သည်။

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည် လယ်ယာလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လုပ်ကိုင်ဆောင်ရွက်ချိန် တိုတောင်းလာခြင်း၊ မိမိတို့ ဘိုးစဉ်ဘောင်ဆက်ခေးမဦးချရာ လယ်ယာလုပ်ငန်းများကိုစွန့်ခွာ၍ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြသောကြောင့် လယ်ယာလုပ်သားများ ရှားပါးလာကာ စိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုပ်အားခများ မြင့်တက်လာခြင်း၊ လယ်ယာလုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူ နည်းပါးလာမှုကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်းတို့သည် လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအပေါ် ခြိမ်းခြောက်လျက်ရှိသော အဓိက စိန်ခေါ်ချက်များဖြစ်၍ နေပေသည်။ တစ်နည်းအားဖြင့် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ လိုအပ်လာရခြင်း၏ အကြောင်းအရင်းခံလည်း ဖြစ်သည်။

ထိုကဲ့သို့ စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ လိုအပ်ခြင်းအားနည်းချက်ကို နိုင်ငံတော်၏ အားသာချက်အဖြစ် ပြောင်းလဲရန်နှင့် စက်မှုလယ်ယာ

*စာမျက်နှာ ၇ သို့*



ပုံစံမောင်း သင်ကြားလေ့ကျင့်ခြင်း။



ပြင်ဆင်ခြင်း လက်တွေ့ပို့ချခြင်း။

*စာမျက်နှာ ၆ မှ*

ကျွမ်းကျင်လုပ်သားကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှုလယ်ယာလေ့ကျင့်ပညာပေး သင်တန်းကျောင်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသောအပိုင်းမှ ပါဝင်လျက်ရှိပေသည်။

**စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးခြင်း**

စက်မှုလယ်ယာဦးစီးဌာနသည် စက်မောင်းကျွမ်းကျင်သူများ လိုအပ်ချက်အား ဒေသအလိုက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိတ်ပါဝင်စားသူ တောင်သူများအား တက်ရောက်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနရှိ ဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာတွင် (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်မှစတင်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းနှင့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများကိုလည်းကောင်း၊ ဗဟိုသင်တန်းကျောင်း ဘုရားကြီးတွင် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်မှစတင်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများကိုလည်းကောင်း၊ စက်မှုလယ်ယာသင်တန်းကျောင်း ရေဆင်းတွင် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်မှစတင်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာနရှိ သင်တန်းကျောင်းသုံးကျောင်းမှ ထိုကဲ့သို့စတင်၍ တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၂၀၁၁-၂၀၁၂ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဇွန်လကုန်အထိ စက်မှုလယ်ယာသင်တန်းကျောင်း (အထက်မြန်မာပြည်) မိတ္ထီလာမြို့မှ တောင်သူ ၄၄၈၄ ဦး၊ စက်မှုလယ်ယာသင်တန်းကျောင်း (အောက်မြန်မာပြည်) ဘုရားကြီးမြို့မှ တောင်သူ ၈၁၈ ဦး၊ စက်မှုလယ်ယာသင်တန်းကျောင်း (ရေဆင်း)မှ တောင်သူ ၁၇၀၊ စုစုပေါင်း တောင်သူ ၅၄၇၂ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။ ထို့အတူ သင်တန်းဆင်းဦးရေ၏ ၈၅ ရာခိုင်နှုန်းအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။

**စက်ပြင်ကျွမ်းကျင်တောင်သူများ လေ့ကျင့်မွေးထုတ်ပေးခြင်း**

ထို့ပြင် စက်ပြင်ကျွမ်းကျင်သူများ၏ လိုအပ်ချက်အား ဒေသအလိုက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိတ်ပါဝင်စားသူတောင်သူများ တက်ရောက်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနရှိ ရန်ကုန်-ကျိုက္ကလို့နှင့် ကျောက်ဆည် - အင်းကုန်းတို့ရှိ ပင်မစက်ပြင်အလုပ်ရုံ နှစ်ရုံနှင့် ပျဉ်းမနား၊ ဟသ်ာတ၊ မကွေး၊ မြောင်းမြ၊ မအူပင်၊ မုံရွာ၊ သထုံနှင့် ရွှေညောင်တို့ရှိ အလတ်စားစက်ပြင်အလုပ်ရုံ ရှစ်ရုံတို့တွင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုနှင့် ရိတ်သိမ်းခြွေလှေ့စက် ပြုပြင်ထိန်းသိမ်းမှု လေးပတ်သင်တန်းများကိုလည်း (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်မှ စတင်၍ ယနေ့အထိ သင်တန်း ၁၅၂ ကြိမ်ဖွင့်လှစ်ခဲ့ပြီး တောင်သူ ၄၇၄၂ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့သည်။

သင်တန်းကျောင်းများနှင့် စက်ပြင်အလုပ်ရုံများသို့ မတက်ရောက်နိုင်သော လယ်ယာသုံးစက်ကိရိယာများ စိတ်ပါဝင်စားသူ တောင်သူများအတွက် စက်မှုလယ်ယာဦးစီးဌာနရှိ သက်ဆိုင်ရာမြို့နယ်၊ စက်မှုလယ်ယာစခန်းများတွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) နှစ်ပတ်သင်တန်းများကို (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်မှစတင်ကာ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သင်တန်း ၆၈၃ ကြိမ်ဖွင့်လှစ်၍ တောင်သူကျွမ်းကျင်သင်တန်းသား ၂၁၄၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှု အသိအမှတ်ပြုသင်တန်း**

စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများနှင့် စက်ပြင်ကျွမ်းကျင်မှုသင်တန်းများကို နှစ်ပတ်၊ လေးပတ်မှ ရှစ်ပတ်အတွင်း ကာလတိုသင်တန်းများကိုသာ ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ကြောင့် တစ်ချိန်တည်း၊ တစ်နေရာတည်း၌ပင် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုပညာနှင့် စက်ပြင်ကျွမ်းကျင်မှုပညာတို့ကို ရရှိစေမည့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုအသိအမှတ်ပြု တစ်နှစ်သင်တန်းကို ဖွင့်လှစ်ရန် စက်မှုလယ်ယာဦးစီးဌာနက စီစဉ်ခဲ့သည်။ **အဆိုပါ စက်မှုလယ်ယာကျွမ်းကျင်မှု အသိအမှတ်ပြု အမှတ်စဉ်(၁) သင်တန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း (မိတ္ထီလာ) တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။**

"လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှု အသိအမှတ်ပြုသင်တန်း" ကို ဖွင့်လှစ်ရခြင်းမှာ နိုင်ငံတော်တွင် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နည်းပညာများ မြင့်မားလာပြီး စက်ကိရိယာများ တိုးတက်သုံးစွဲလာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်နိုင်သည့် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးနှင့် စက်မှုလယ်ယာကဏ္ဍကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ရပ်တည်နိုင် စေရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်ခွင့်ရရှိမည့်သူများမှာ အခြေခံပညာအထက်တန်း ပြီးမြောက်ပြီးသူ သို့မဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်ပြီးသူ၊ သင်တန်းစတင်ဖွင့်လှစ်သည့်နေ့တွင် အသက် (၁၇)နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (အမျိုးသား) နှင့် ကျန်းမာရေးကောင်းမွန်ပြီး လယ်ယာသုံးစက်ကိရိယာများကို စိတ်ပါဝင်စားသူများသာ ယခုသင်တန်းကို လျှောက်ထားနိုင်မည်ဖြစ်သည်။ သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် သတ်မှတ်အရည်အချင်းများ ပြည့်မီမှု ရှိ/မရှိ စိစစ်ပြီး ပြည့်မီသူများအား လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည် ဖြစ်သည်။ နေထိုင်စရိတ်နှင့် သင်ကြားမှုစရိတ်ကို ဌာနက ကျခံမည်ဖြစ်ပြီး လစဉ် စားသောက်စရိတ်နှင့် စာအုပ်စာတမ်းကြေးကို သင်တန်းသားက ကျခံရမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်လျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများတွင် (၉-၈-၂၀၂၂) ရက်မှ စတင်ထုတ်ယူနိုင်ပြီး သင်တန်းတက်ရောက်ခွင့် လျှောက်လွှာ၊ ကတိဝန်ခံချက်၊ အခြေခံပညာပြီးမြောက်ကြောင်း အထောက်အထား သို့မဟုတ် အစိုးရနည်းပညာအထက်တန်းကျောင်း အောင်လက်မှတ်တို့နှင့်အတူ (၅-၉-၂၀၂၂) ရက်တွင် မိမိထုတ်ယူခဲ့သည့်ရုံး၌ ဝင်ခွင့်လျှောက်လွှာများကို နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါကလည်း စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်) စီမံကိန်းဌာနခွဲ၊ ဖုန်းအမှတ် ၀၆၇-၃၄၃၁၂၄၆ နှင့် စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း မိတ္ထီလာမြို့ ဖုန်းအမှတ် ၀၉-၄၅၈၁၄၉၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သင်တန်းချိန်ကာလ (၁) နှစ်အတွင်း စာတွေ့ (၃၀) ရာခိုင်နှုန်းနှင့် လက်တွေ့ (၇၀) ရာခိုင်နှုန်း သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပြီး စာတွေ့လက်တွေ့ ဆန်းစစ်ချက် စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ ထို့ပြင် စာမေးပွဲရမှတ်များအပေါ် မူတည်၍ ကျွမ်းကျင်မှုအဆင့်ကို အရည်အချင်း စိစစ်သတ်မှတ်ရေးအဖွဲ့က အရည်အချင်းပြည့်မီသူများအား လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု အသိအမှတ်ပြု Certificat များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် လယ်ယာသုံး စက်ကိရိယာ ကျွမ်းကျင်မှုအသိအမှတ်ပြု သင်တန်းသည် Myanmar National Qualifications Framework (MNQF)၏ အဆင့်(၄)နှင့် ကိုက်ညီမှုရှိသည့်အပြင် ထူးချွန်သင်တန်းသားများအား ထူးချွန်မှုအလိုက် ထပ်ဆင့်အခွင့်အရေးများလည်း ရရှိနိုင်မည်ဖြစ်သည်။ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သော အစိုးရနည်းပညာ အထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာသင်တန်းဘာသာရပ် (သို့မဟုတ်) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဘာသာရပ်တို့ဖြင့် အောင်မြင်ပြီးသူများသည် သတ်မှတ်အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ဖွင့်လှစ်မည့် စက်မှုလယ်ယာ နည်းပညာဘာသာရပ်သင်တန်း ပထမနှစ်တွင် တက်ရောက်ရန် အခွင့်အရေးရရှိမည် ဖြစ်သည်။

ထို့ကြောင့် နောင်အနာဂတ်တွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍတွင် အားကိုးအားထားပြုနိုင်သည့် အမြင်စူးရှပြီး ထက်မြက်သွက်လက်သော လူငယ်လေးများအနေဖြင့် မဖြစ်မနေတက်ရောက် သင်ယူသင့်သော သင်တန်းကြီးပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးသည် နိုင်ငံတော်စီးပွားရေး၏ မောင်းနှင်အားတစ်ရပ်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်နိုင်မည့် ပညာတတ်လူငယ်လူရွယ် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် "လယ်ယာသုံး စက်ကိရိယာ ကျွမ်းကျင်မှု အသိအမှတ်ပြုသင်တန်း" ကို လာမည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အသိပေးသတင်းကောင်းပါးလိုက်ပါသည်။

❑ *ကျောဖုံးမှ*

ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စည်းကမ်းလိုက်နာသော YBS ယာဉ်မောင်းများကို ဂုဏ်ပြုချီးမြှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြေးဆွဲနေသော ခရီးသည်တင် YBS ယာဉ်လိုင်းပေါင်း ၂၀ မှ စည်းကမ်းပိုင်းနှင့် ဝန်ဆောင်မှုကောင်းမွန်သော ယာဉ်မောင်းများကို ရွေးချယ်၍ YRTC မှ ဂုဏ်ပြုချီးမြှင့် သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) တွင် ကျင်းပသော မီဒီယာရှင်းလင်းပွဲမှ သိရသည်။




အဆိုပါ ပြည်သူတို့ထံ အသိပေးရှင်းလင်းသော မီဒီယာတွေ့ဆုံပွဲတွင် YRTC အနေဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စီးခပိုမိုကောက်ခံသော ယာဉ်လိုင်းများအား စုံစမ်းစစ်ဆေးရေး၊ စည်းကမ်းဖောက်ဖျက်သော မော်တော်ယာဉ်များအား CNG ပိတ်သိမ်းရေးတို့ကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ ယာဉ်လိုင်းပေါင်း ၂၀ တွင် စည်းကမ်းပိုင်းနှင့် ဝန်ဆောင်မှုကောင်းမွန်သော ယာဉ်လိုင်းများကို ကုမ္ပဏီတစ်ခုလျှင် ယာဉ်မောင်း သုံးဦးကျ ရွေးချယ်၍ စုစုပေါင်း ယာဉ်မောင်း ၆၀ တို့ကို တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့် ဂုဏ်ပြုမှုကို လည်းကောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှုအဖြစ် ခရီးသည်များကျန်ရစ်ခဲ့သော တန်ဖိုးကြီးပစ္စည်းနှင့် ငွေကြေးများကို ပြည်သူတို့လက်ဝယ်အရောက် ပေးအပ်ခဲ့သော ယာဉ်မောင်း ၂၀ တို့ကို လည်းကောင်း ဩဂုတ် ၂၆ ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

ထိုသို့ ဆုများပေးအပ်ချီးမြှင့်နိုင်ရန် YRTC အနေဖြင့် ပို့ဆောင်ရေးဌာန (မြို့တွင်း)၊ 'ဂ'စင်းလုံးငှားဌာန၊ 'ဃ' ပဋိညာဉ်ဌာန၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာန၊ အဝေးပြေး ခရီးသည် သယ်ယူပို့ဆောင်ရေးဌာနနှင့် ကုန်စည်ကြီးကြပ်မှုဌာနတို့ဖွဲ့စည်း၍ စည်းကမ်းလိုက်နာသော ယာဉ်မောင်းများကို အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ဂုဏ်ပြုသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းရှိ ခရီးသွားများ စည်ကားရာမှတ်တိုင်တို့တွင်လည်း ယာဉ်လိုင်းများ အဝင်/အထွက်နှင့် ခရီးသွားများ ကြန့်ကြာမှုမရှိစေရန် YRTC မှ ဝန်ထမ်းနှစ်ဦးစီဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ခြောက်တန်းသွားစမ်း ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၉**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ခြောက်တန်းသွားစမ်း ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဥသျှစ်ကုန်းကျေးရွာအုပ်စု သပြေသာကျေးရွာ ကွင်းအမှတ် (၁၂၇၉) တောင်သူ ဦးအောင်စိန်၏ မိုးစပါးစိုက်ကွက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး နိုင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကွင်းအမှတ် (၁၂၇၉) မှ တောင်သူများ တက်ရောက်၍ ခြောက်တန်းသွားစမ်း ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ ဦးအောင်စိန်၏ မိုးစပါးစိုက်ကွက်တွင် တန်းကြား ၁၁ လက်မ၊ ပင်ကြား ခြောက်လက်မနှင့် ခြောက်တန်းသွားစမ်း ကောက်စိုက်စက်ဖြင့် ဧက ၇၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ကျေးရွာအုပ်စု ငါးအုပ်စုကွင်း ခြောက်ကွင်းတွင် မိုးစပါးစိုက်ဧက ၇၀ လျာထားပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

✻ *ကျောဖုံးမှ*

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၆ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၂ မိုင်နှုန်းခန့်ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး၊ အိန္ဒိယနိုင်ငံ၊ ချက်တစ်ဂတ်ပြည်နယ်တွင် ဩဂုတ် ၁၀ ရက်၌ လေဖိအားနည်းရပ်ဝန်းသို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ ဩဂုတ် ၁၀ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

## အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

## လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

## အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

## အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

## အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။




## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်ရှိ မြို့ဦးဘုန်းကြီးကျောင်း၊ မြို့မဘုန်းကြီးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး သဗ္ဗညုဘုန်းကြီးကျောင်း၊ ခတ်စွမ်းဟုန်ဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာရှိ မင်းလွင်ကုန်း တပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြရတနာသီရိ ကျောင်းတိုက်၊ သာသနာ့ ရောင်ခြည်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ အောင်မြေရတနာ ဘုန်းတော်ကြီး ကျောင်းတိုက်၊ ပုပ္ပါရုံဘုန်းတော်ကြီး ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေမင်္ဂလာစာသင်တိုက်တို့ရှိသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**




ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ကျောက်စေတီကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကိုးသောင်း သာသနာ့မင်္ဂလာစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အင်းဒင်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင် ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး တင်ပြချက်များပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နေအိမ်လိုင်းခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၉**



စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သောဘဝတီဓမ္မာရုံ၌ ပြုလုပ်ရာ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာယီပြောင်းရွှေ့ ရောက်ရှိလာသော ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျောင်းတိုက် ဦးစီးပဓာန နာယက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးက ယာယီပြောင်းရွှေ့ ရောက်ရှိလာသော ပြည်သူများအား နှုတ်ခွန်းဆက် အားပေးစကားပြောကြားသည်။ ယင်းနောက် ယာယီပြောင်းရွှေ့ ရောက်ရှိလာသည့် အိမ်ထောင်စု ၇၂ စုတို့အတွက် ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးကြရာ ယာယီပြောင်းရွှေ့ ရောက်ရှိလာသည့် ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နယ်မြေခံဆေးတပ်ရင်းမှ တပ်မတော်ဆေးအဖွဲ့များက ယာယီပြောင်းရွှေ့ ရောက်ရှိလာသည့် ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်ကုန်းမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်လှစ်

**တပ်ကုန်း ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားရှင်းလင်းသည့် အကြောင်းအရာများကို သေချာစွာမှတ်သားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်လျက်ရှိပြီး ကမ္ဘာနှင့်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်နှင့် လူကုန်ကူးခံရသူများ၏ အရေးပါမှု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေနှင့် လူကုန်ကူးခံရသူဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်းစသည်တို့ကို နေပြည်တော်အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူးရုံးမှ ယာယီရဲမှူး မြင့်အောင်၊ အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(တပ်ကုန်း)ရဲတပ်ဖွဲ့ စိတ်မှူး ရဲအုပ်ဟန်ဇော်တို့က သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မောင်မွှေး**

# စိမ်း၍ မစိမ်းသော မနောမြေ

**မြင့်စိုး(နတလ)**

**မြစ်ကြီးနားမြို့နယ်ထဲက မော်ဖောင်းစံပြကျေးရွာ**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဝွေးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ်၌ ကျွန်းဦးကျေးရွာ၊ လယ်ဝေးမြို့နယ်၌ သော်မှော်ကုန်းကျေးရွာတို့ကို SMART Village စံပြကျေးရွာများအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် SMART Village စံပြကျေးရွာပေါင်း ၄၂ ရွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။ စီမံကိန်းကာလမှာ နှစ်နှစ် ဖြစ်သည်။ ယင်းကာလအတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ၊ အခြားသောဆက်စပ်ဝန်ကြီးဌာနများ၏ ပြည်ထောင်စုရန်ပုံငွေများဖြင့် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း၊ စက်ရေတွင်းများတူးဖော်၍သန့်ရှင်းသောသောက်သုံးရေကို အိမ်အရောက်သွယ်တန်းပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဘက်စုံသုံးခန်းမ၊ အားကစားကွင်း၊ စာကြည့်တိုက်စသည်တို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မွေးမြူရေးအခြေခံ စံပြကျေးရွာဖြစ်လျှင် ကြက်၊ ဝက်၊ နွား မွေးမြူရေးအစုအဖွဲ့များ၊ သမဝါယမအသင်းများ ဖွဲ့စည်း၍ လိုအပ်သည့်မျိုး၊ နည်းပညာစသည်တို့ ကူညီပံ့ပိုးပေးခြင်း၊ အခြားသော ကျန်းမာရေးအသိပညာပေး၊ မွေးမြူရေးအသိပညာပေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး၊ မူးယစ်ဆေးဝါးအသိပညာပေး၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသိပညာပေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအသိပညာပေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသိပညာပေး စသည့်ပညာပေးဟောပြောပို့ချမှုများ ပြုလုပ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်း၌ SMART Village ကျေးရွာများအဖြစ် မြစ်ကြီးနားမြို့နယ်တွင် မော်ဖောင်း နယ်မြေ- ၈ ကျေးရွာ၊ ဗန်းမော်မြို့နယ်တွင် မန်ရေးကျေးရွာ၊ မိုးကောင်းမြို့နယ်တွင် နန့်လှိုင်ကျေးရွာတို့ကို သတ်မှတ်ရွေးချယ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်သည်။ အခြားသော ပြည်နယ်၊ တိုင်းဒေသကြီးတော်တော်များများထဲက SMART Village စံပြကျေးရွာအချို့ကို ကျွန်တော်သွားခဲ့ ရောက်ခဲ့ပြီးဖြစ်သည်။ ကချင်ပြည်နယ်ထဲမှာ လတ်တလောသွားလာနိုင်သောရွာကို ကြည့်လိုက်တော့ မော်ဖောင်းကို သွားတွေ့ရသည်။ သည့်အတွက် မော်ဖောင်းစံပြကျေးရွာကို အဓိကဦးတည်ပြီး အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ၊ ဦးစီးဌာနများ၊ သင်တန်းကျောင်းများအား ကွင်းဆင်းကြည့်ရှုဆောင်ရွက်ရန်အလို့ငှာ ပြီးခဲ့သည့် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ခရီးစဉ်ကို ရေးဆွဲပြီး ထွက်ခွာလာခဲ့ကြသည်။ ကျွန်တော်နှင့်အတူ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေတို့ လိုက်ပါလာခဲ့ကြသည်။



**ကချင်ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်းများ၌ တိုက်ပွဲရှောင်မိသားစုများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။**

မော်ဖောင်း နယ်မြေ-၈ စံပြကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်ရွက်ပေးနေသော လုပ်ငန်းများမှာ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေမြောင်းများ တူးဖော်ခြင်း၊ အမကကျောင်းခြံစည်းရိုးကာရံခြင်း၊ ကုန်ထုတ်လမ်းပေါ်၌ Box Culvert တစ်စင်း တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများမှာ မော်ဖောင်းရွာမှ မြစ်ကြီးနား မြို့ရှောင်လမ်းသို့ ဆက်သွယ်ထားသော လမ်း(၁/၄)မိုင်အား ကွန်ကရစ်ခင်းခြင်း၊ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ စက်ရေတွင်းတူး၍ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ ရွာတွင်းလမ်းမီးတိုင်များ စိုက်ထူခြင်း၊ အားကစားကွင်းပြုပြင်ခြင်း၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများနှင့်အတူ စောစောက ကျွန်တော်တင်ပြခဲ့ပြီးသော သင်တန်းအမျိုးမျိုးကိုပါ အချိန်နှင့်တစ်ပြေးညီ ပို့ချသင်ကြားပေးဦးမည်ဆိုတော့ကာ မော်ဖောင်းစံပြကျေးရွာအတွက် အစစအရာရာ ပြည့်စုံနေပြီ ဖြစ်သည်။ မော်ဖောင်းကျေးရွာနေ ဒေသခံတိုင်းရင်းသားများအတွက် ပို၍ဝမ်းမြောက်ဖွယ်ရာ မြင်ကွင်းတစ်ခုကတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ခွင့်ပြုခဲ့သော မော်ဖောင်း-ငါးအိုးတံတား ပေ ၃၀၀ ကို မူလကြိုး တံတားအစားသံကူကွန်ကရစ်တံတားကြီးအဖြစ် စတင် တည်ဆောက်နေခြင်းပင် ဖြစ်သည်။ တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူး အဖွဲ့မှ တာဝန်ယူ တည်ဆောက်ပေးလျက်ရှိသည်။ ယင်းတံတားကြီး တည်ဆောက်ပြီးစီးပါက မော်ဖောင်း SMART Village စံပြကျေးရွာ၏ ဂုဏ်ရောင်ပို၍ပို၍ ထွန်းလင်းတောက်ပြောင်တော့မည်မှာ မလွဲပေ။

> ❑ **၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများမှာ မော်ဖောင်းရွာမှ မြစ်ကြီးနားမြို့ရှောင်လမ်းသို့ ဆက်သွယ်ထားသော လမ်း(၁/၄)မိုင်အား ကွန်ကရစ်ခင်းခြင်း၊ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ စက်ရေတွင်းတူး၍ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ ရွာတွင်းလမ်းမီးတိုင်များ စိုက်ထူခြင်း၊ အားကစားကွင်းပြုပြင်ခြင်း၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပေးခြင်းများဆောင်ရွက်သွားမည်**

**ကျွန်တော်နှင့် ကချင်ပြည်နယ်**

ဆောင်းပါးခေါင်းစဉ်မှာကတည်းက ကချင်ပြည်နယ်နှင့်ပတ်သက်၍ ကျွန်တော်ရည်ညွှန်းလိုသော ဝိသေသတချို့ပါဝင်သွားပြီ ဖြစ်ပါသည်။ တပ်မတော်သားဘဝ ကချင်ပြည်နယ် မြို့ရွာများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းမရှိသဖြင့် ကချင်ပြည်နယ်သည် ကျွန်တော့်အတွက် စိမ်းသည်ဟုပြောနိုင်ပါသည်။ သို့သော် ကျွန်တော်က နယ်ဘက်တာဝန်ကူးပြောင်းထမ်းဆောင် ခဲ့သူဖြစ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းဘဝဖြင့် ကချင်ပြည်နယ် မြို့ရွာဒေသတချို့မှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို ပါဝင်ထမ်းရွက်ခွင့်ရခဲ့သည်။ နတလလုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း) ခေါင်းဆောင်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် သွားရောက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်နှင့် မံစီ ခရီးစဉ်သည် ကျွန်တော့်အတွက် ပထမဆုံးသော ကချင်ပြည်နယ်ခရီးစဉ် ဖြစ်ပါသည်။ ယင်းခရီးစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ (ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးခက်ထိန်နန် (ယခုကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်)နှင့် ဦးစံထွန်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင် (ငြိမ်း)၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရိုးမူ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် (ဒုဝန်ကြီး-ငြိမ်း)၊ နတလဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် (ယခု ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်)၊ စာရေးသူကျွန်တော် ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ ပါဝင်ပါသည်။ ယာယီတိုက်ပွဲရှောင်စခန်းများမှ မိသားစုများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာကူညီထောက်ပံ့မှုများ ပေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ မေလတွင်လည်း ကချင်ပြည်နယ်ခရီးစဉ် ဒုတိယအကြိမ်အဖြစ် ထပ်မံရောက်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်ကြသည့် UNOCHA၊ UNICEF၊ WFP၊ UNDP၊ UNHCR၊ ICRC တို့ကို ဗိုလ်ချုပ်ဇော်ဝင်းကပင် ဦးဆောင်၍ အထက်ပါနယ်မြေအသီးသီးက ယာယီတိုက်ပွဲရှောင်စခန်းများသို့ လိုက်လံပြသပေးခဲ့ခြင်း ဖြစ်ပါသည်။

ဆက်လက်၍လည်း ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးခင်မောင်စိုးတို့ ဦးဆောင်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ကေအိုင်ကေ/ ကေအိုင်အိုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဗိုလ်ချုပ်ဇော်ဝင်းနှင့်အတူ လိုက်ပါခဲ့ရသည်။ တစ်ဖန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း)နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးလှထွန်း၊ ဦးဇော်မင်း၊ ဦးသန်းဌေးတို့၏ မြစ်ကြီးနားခရီးစဉ်ကို ထပ်မံလိုက်ပါခဲ့ရသည်။ ဤသည်တို့ကား ကျွန်တော့်အတွက် စိမ်း၍ မစိမ်းသောမနောမြေ၏ အစခရီးစဉ်များ ဖြစ်ပေတော့သတည်း။

**ကျွန်တော်နှင့် မင်္ဂဇာ- ခေါင်လန်ဖူးကားလမ်း**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းက မင်္ဂဇာ- ခေါင်လန်ဖူးကားလမ်း (၆၅/၄) မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ အပိုင်းလေးပိုင်းခွဲကာ ဖောက်လုပ်ခဲ့သည်။ နတလဦးစီးဌာနက တာဝန်ယူကွပ်ကဲကြပ်မတ်ဖောက်လုပ်ခဲ့ရသည်ဖြစ်ပေရာ ယင်းလမ်းဖောက်လုပ်ရေးစီမံကိန်းကို အကြောင်းပြုလျက် ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးဒေသများသို့ မရောက်မဖြစ် ရောက်ခဲ့ရသည်။ ကောင်းမှုလုန်စေတီတော်နှင့် နတ်ကျွန်းစေတီတော်တို့ကို ဖူးမြော်ခွင့်ရခဲ့သည်။ မင်္ဂဇာ-ခေါင်လန်ဖူးကားလမ်း ၆၅/၄ မိုင် ဖောက်လုပ်ရာတွင် အခက်ခဲဆုံးအပိုင်းမှာ အမြင့်ပေ ၇၇၀၀ ရှိ ဆန်းလွတ်ချက် ကျောက်ဆောင်ကြီးတည်ရှိရာနေရာပဲ ဖြစ်သည်။ လေးမိုင်ခန့် ရှည်လျားသော ကျောက်တောင်ကြီးကို တပ်မတော်မှ တွဲဖက်ပေးထားသည့် အင်ဂျင်နီယာစစ်သည်များက ခက်ခက်ခဲခဲ မိုင်းများခွဲ၍ ဖောက်ခဲ့ရသည်။ တချို့ရက်များတွင် ရှေ့သို့ ၁၀ ပေပင် မရောက်နိုင်ခဲ့ပါ။ (၃၃/၆)မိုင် ခရီးတွင်ရှိနေသော ဆန်းလွတ်ချက်တောင်ထိပ်သို့ လမ်းမပေါက်မီကပင် ခြေကျင်တက်၍ အရောက်သွားခဲ့တာကိုတော့ဖြင့် ဒီတစ်သက်မေ့တော့မည် မဟုတ်ပါ။ *စာမျက်နှာ ၁၁ သို့*

# လဟယ်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကျင်းပ

**လဟယ် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက လဟယ်မြို့ အ.ထ.ကကျောင်း ချယ်ရီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက အမှာစကားပြောကြားပြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှားဆက်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး လူငယ်များအတွက် စာဖတ်ရှိန်မြှင့်တင်ရေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ရန်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးငွေသိန်းက ကလေးသူငယ်များ အခွင့်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်ထက်အောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော အကြောင်းအရာတို့ကို ဆွေးနွေးဟောပြောခဲ့သည်။ လဟယ်မြို့ အ.ထ.က ကျောင်းအုပ်ကြီး ဦးဝင်းဇော်ဦးက ကျောင်းသားလူငယ်များအတွက် လူငယ်ရေးရာနှင့် ပတ်သက်၍ ဗဟုသုတများ မျှဝေဟောပြော ဆွေးနွေးပေးခဲ့သည့် ဌာနဆိုင်ရာများအားလုံး အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များကို အခမ်းအနား တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**



## သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်မှ ရာဇဝတ်မှုဆိုင်ရာ အသိပညာပေး

**မိုင်းရယ် ဩဂုတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ် မြို့နယ်ဥပဒေ၊ ပညာရေးဦးစီးဌာနနှင့် ဆိုင်ရာရှုထောင့်မှ ရာဇဝတ်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မိုင်းရယ်မြို့ အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး မင်းအောင်က ရာဇဝတ်မှုဆိုင်ရာ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ ဥပဒေအရာရှိ ဦးဝေဖြိုးက ဥပဒေနှင့်ပတ်သက်သော ရှုထောင့်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ဦးနှင့် အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်ညွန့်တို့က သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို လည်းကောင်း၊ မြို့နယ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ချမ်းကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်အမျိုးမျိုးတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

**မိုင်းရယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ခေါင်လန်ဖူးသို့ ကားလမ်းပေါက်ရန် မိုင် ၂၀ ခန့် အလိုကတည်းက ဆိုင်ကယ်စီး၍ အရောက်သွားခဲ့တာကိုလည်း အမှတ်ရနေပါသည်။ ခေါင်လန်ဖူးမြို့လေးအပေါ် မည်မျှလောက် သံယောဇဉ်ကြီးမားသွားခဲ့ရသလဲဆိုလျှင် နတလမှ သက်ပြည့်အငြိမ်းစားယူပြီးသည့်ကာလ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှာပင် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့်အတူ ရောက်ခဲ့သေး၏။ ထိုအချိန်တွင် မဂွေဇမှ ခေါင်လန်ဖူးအထိ (၆၅/၄) မိုင် ကားလမ်းပေါက်ခဲ့ပြီ။

**ကျွန်တော်နှင့် ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမ**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ စတင်ရောက်ရှိသည့်နေ့မှာပင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ဝန်ကြီးချုပ်နှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တင်ပြဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးမှာကြားလိုက်သည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင် ဝါသီးနှံစိုက်ပျိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေခဲ့ကြသည်။ မြစ်ကြီးနားမြို့မှ ပြန်လည်မထွက်ခွာမီ ဩဂုတ် ၄ ရက်ညတွင် ကျွန်တော်တို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧည့်သည်အဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဧည့်သည်အဖွဲ့တို့ကို ပြည်နယ်ဝန်ကြီးချုပ်က ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမ၌ ဂုဏ်ပြုညစာ တည်ခင်း နှုတ်ဆက်ခဲ့ပါသည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပါသည်။ ကျွန်တော်ရခဲ့သော ဂုဏ်ပြုလက်ဆောင်တွင် ဝန်ကြီးချုပ်ကိုယ်တိုင်ဆင်မြန်းပေးသော ကချင် တိုင်းရင်းသားရိုးရာဝတ်စုံလည်း ပါဝင်သဖြင့် အထူးပင် ကျေးဇူးတင်လေးစားတန်ဖိုးထားခဲ့ရပါသည်။

ကျေးဇူးတင်စကားပြန်လည်ပြောကြားခွင့်ရခဲ့၍ ထိုနေ့ညက ဆမားဒူးဝါးဆင်ဝါးနောင် ခန်းမအတွင်းသို့ ရောက်ရှိခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ ထိုခန်းမကြီးအတွင်း၊ ထိုနေရာ၊ ထိုစကားပြောစင်မြင့်မှနေ၍ ပထမအကြိမ် စကားပြောခွင့်ရခဲ့သည့်နေ့ကတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ တာဝန်ပေးချက်အရ ထိုနေ့နံနက်ပိုင်းတွင် တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁ နာရီအချိန် ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမသို့ သွားရောက်ခဲ့ပါသည်။ ထိုခန်းမကြီးထဲတွင် ကချင်ပြည်နယ်အတွင်းက ယာယီတိုက်ပွဲရှောင်မိသားစုများအတွက် ထောက်ပံ့လှူဒါန်းရန် အသင့်ဝယ်ယူ ပေးပို့ထားသော ဆန်အိတ် ၂၀၁၀၊ ဆီပိဿာ ၄၀၂၀၊ ပဲ ပိဿာ၄၀၂၀၊ ဆားပိဿာ ၄၀၂၀၊ ခြုံစောင် ၁၀၀၀ ထည်တို့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယင်းကဲ့သို့ ထောက်ပံ့ပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီးနောက် ကျွန်တော်တို့အဖွဲ့သည် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက်တွင် နေရာချထားပေးသော ယာယီတိုက်ပွဲရှောင်မိသားစုများနှင့် တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။ ဤသည်တို့ကား ကျွန်တော်နှင့် ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမတို့၏ ရေစက်ဆုံမှုအကြောင်း တရားများပါပေတည်း။

**စိမ်း၍ မစိမ်းသော မနော့မြေ**

ငယ်စဉ်က တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးသော မနော့မြေ ၂၀၁၂ ခုနှစ်ရောက်တော့မှ နယ်စပ်ရေးရာဝန်ကြီးဌာန နတလဝန်ထမ်းဘဝဖြင့် စတင်ရောက်ဖူးခဲ့သည်။ ယင်းနောက်ပိုင်းတွင်မတော့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များဖြင့် ရောက်ရှိခဲ့သလို အခြားသောအကြောင်းအရာအမျိုးမျိုးတို့ဖြင့်လည်း ရောက်ခဲ့ရသည်။ ထိုသို့ရောက်ခဲ့ရာ၌ မချမ်းဘော့မြို့နားက နောင်ခိုင်ဆိုသောရွာလေးမှ နတ်ကျွန်းစေတီသို့ သွားရောက်ဖူးမြော်ရာတွင် သက်မွန်မြင့်ဟု အမည်ရေးထိုးထားသည့် စက်လှေလေးဖြင့် သွားရောက်ခဲ့သည်ကို သတိရမိသည်။ ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် မိုးညှင်းဒေသ အင်းတော်ကြီးကန်ဘေးနားက ယာယီတိုက်ပွဲရှောင်ကျေးရွာများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ အမယ်လေးမျိုးနှင့် စောင်များ၊ ဆိုလာမီးများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် အင်းတော်ကြီးရွှေမဋ္ဌူရေလယ် ဘုရားဖူးမြော်ခဲ့သည်ကိုလည်း အမှတ်ရမိသည်။ ခေါင်လန်ဖူးသို့အသွား မချမ်းဘော့၊ ထီးခချောင်း၊ အလန်ဂါးရွာ၊ ထန်ဂါးရွာများကို ဖြတ်ပြီး အူရင်း ဂါးရွာမရောက်ခင် ကားလမ်းဘေးမှာ လဲလျောင်းနေသည့် အုတ်ဂူလေးနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ဖူးသည်ကိုလည်း မမေ့၊ မဇိန်ဒမ်းနန်ရမ်၊ အသက် ၂၄ နှစ် ၁၇-၈-၂၀၀၀ တွင် ကွယ်လွန်သည်ဟု မှတ်တမ်းရေးထိုးထားသည်ကို တွေ့ရသည်။ ကားလမ်း မပေါက်မီ ပင်ပန်းဆင်းရဲစွာ သွားလာကြရင်း ကွယ်လွန်သွားသူတွေထဲကတစ်ဦးဖြစ်ပေသည်။ ပူတာအို- ခေါင်လန်ဖူး ခရီးစဉ်အတွင်းမှာပင် မြန်မာပြည်၏ မြောက်ဘက်အစွန်ဆုံး မြို့လေးဖြစ်သည့် ပန်နန်းဒင်မြို့လေးရှိရာသို့ နှစ်ကြိမ်ရောက်ဖြစ်ခဲ့သေးသည်။ ခေါင်လန်ဖူးအထကမှာ ကျောင်းသား ကျောင်းသူလေးများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး ဟောပြောခဲ့သည်ကိုလည်း မမေ့။ သေချာပြန်တွေးကြည့်လိုက်သောအခါ ကချင်ပြည်နယ်ဆိုသည်မှာ ကျွန်တော့်အဖို့ရာ စိမ်း၍ မစိမ်းသော မနော့မြေ ဟူ၍သာ...။ ။

# ကျိုက်လတ်မြို့နယ်၌ ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများရောင်းချ

**ကျိုက်လတ် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ နေထိုင်ကြသည့် မိဘပြည်သူများ စားသုံးဆီကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီမံဆောင်ရွက်သည့် စီစဉ်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် အဖွဲ့သည် စားသုံးဆီများကို မိဘပြည်သူများ လက်ဝယ်သို့ သက်သာသော နှုန်းထားတို့ဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်၍ ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဆီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့စားသုံးဆီများအား သက်သာသော နှုန်းထားဖြင့် လူတစ်ဦးလျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ယနေ့တွင် ဆီပိဿာချိန် ၂၂၀ ကို ရောင်းချပေးခဲ့ပြီး စတင်ရောင်းချပေးခဲ့သည့် ဩဂုတ် ၆ ရက်မှ ယနေ့အထိ ဆီပိဿာချိန် စုစုပေါင်း ၅၅၀ ကို မိဘပြည်သူများ၏ လက်ဝယ်သို့ အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၇၂၀ |
| 95 Ron | ၁၉၂၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၅၀ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၇၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၅ | ၂၂၇၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |
| HSD (10 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၅ | ၁၈၃၄ |
| 95 Ron | ၁၈၂၄ | ၁၈၉၄ |
| HSD (500 ppm) | ၂၀၂၁ | ၂၀၉၁ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆


၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပေါ်လယ်-ဝက်ချီပါကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၈၄၀၀ ရှိသော နယ်မြေကို **"ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၂) အရ ၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော ဧရိယာသည် ကာကွယ်တောအနီး ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများတွင် ရေရရှိနိုင်သည့် ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊



ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။



ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ပေါ်လယ်-ဝက်ချီပါကြိုးပြင် ကာကွယ်တောအတွင်း အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ရင်းမာ၊ ထောက်ကြံ့ စသည့် သစ်မျိုးများ၊ အင်၊ ရှား၊ တည်၊ နဘဲ၊ ဖန်ခါး၊ ဆီးဖြူ၊ ခူးသန်၊ နွော၊ လက်ပံ၊ သစ်ဖယောင်း၊ ဇောင်းပုလွေးပင်များ ပေါက်ရောက်နေပြီး ချေ၊ တောခွေး၊ တောကြောင်၊ တောကြက်၊ တောဝက်၊ ယုန်နှင့် မျောက် စသည့် တိရစ္ဆာန်များ၊ သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုး၊ စွန် စသည့်ငှက်မျိုးများ နေထိုင်ကျက်စားရာ ဒေသဖြစ်သည့်အပြင် မြစ်သာမြစ်အတွင်း စီးဝင်သော ပေါ်လယ်ချောင်းမကြီး၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများကို စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ရန်အတွက် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အမ်းမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**အမ်း ဩဂုတ် ၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက် ၈ နာရီက အမ်းမြို့နယ် အမ်းမြောက်အုပ်စုရှိ ကံ့ကော်တစ်ထောင် ဘုရားကုန်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို အမ်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသအတွင်း ပတ်ဝန်းကျင် စိမ်းလန်း စိုပြည်လာစေရေး၊ ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရေး၊ ပြည်သူများ သစ်တောသစ်ပင်များကို ပိုမိုချစ်ခင်တန်ဖိုးထားတတ်လာစေရေး ရည်ရွယ်၍ သက်တမ်းရင့် အမြင့် နှစ်ပေအထက် သစ်ပိတောက်ပင် ၂၀၊ ပျဉ်းကတိုးပင် ၂၀၀၊ မဟော်ဂနီပင် ၂၀၊ မန်ဂျန်ရှားပင် ၂၀၀၊ ကျွန်းပင် ၃၀၊ စိန်ပန်းပင် ၃၀ စုစုပေါင်း ပင် ၅၀၀ တို့ကို တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုးမင်းထွန်း (ပြန်/ဆက်)**



# လူငယ်များကို အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ခြင်းမပြုရန် မိုဇမ်ဘစ်သမ္မတတိုက်တွန်း

**မပူတို ဩဂုတ် ၉**

နိုင်ငံတွင်းရှိ လူငယ်များသည် အကြမ်းဖက် အုပ်စုများနှင့် ဆက်သွယ်ရန် ကမ်းလှမ်းချက်များကို လက်မခံဘဲ ငြင်းဆိုရန်နှင့် လူနေမှုစရိတ်စကများ ကြီးမြင့်လာခြင်းနှင့် အလုပ်အကိုင်များ ရှာဖွေရာတွင် ရင်ဆိုင်ကြုံတွေ့နိုင်သည့် ဒုက္ခအခက်အခဲများကို ကျော်လွှားရာတွင် တရားမဝင် နည်းလမ်းများ အသုံးမပြုဘဲ ရှောင်ရှားကြရန် မိုဇမ်ဘစ်သမ္မတ ဖီးလစ်နူစီက ဩဂုတ် ၈ ရက်က တိုက်တွန်း ပြောကြားလိုက်သည်။


မိုဇမ်ဘစ် သမ္မတ ဖီးလစ်နူစီ

မိုဇမ်ဘစ်နိုင်ငံ မြို့တော် မပူတိုတွင် ကျင်းပသော (၇)ကြိမ်မြောက်အမျိုးသား လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားတွင် သမ္မတက နိုင်ငံနှင့်အဝန်းတက်ရောက်လာသည့် ကိုယ်စားလှယ်များကို ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် အကြမ်းဖက်သမားများကို ရှေ့တန်းမှ ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး နိုင်ငံကို အသက်ပေးကာကွယ်ပေးခဲ့သော ငယ်ရွယ်သော တပ်မတော် တပ်ဖွဲ့ဝင်များကို သမ္မတက အလေးပြုခဲ့သည်။

လက်ရှိ အခြေအနေသည် နိုင်ငံကို နောက်သို့ဆွဲချနေသည့် မကောင်းကျိုးများ ပြည့်နေချိန်ဖြစ်သည့်အတွက် လူငယ်များကို မျိုးချစ်စိတ်ဓာတ် ပိုမိုမွေးမြူကြရန်နှင့် နိုင်ငံ့ဒုက္ခအကျပ်အတည်းများကို ဖြေရှင်းရာတွင် ထိုးထွင်းဉာဏ်နှင့် ဆန်းသစ်သောသဘောထားများ အသုံးပြုဖြေရှင်းကြရန် သမ္မတက တိုက်တွန်းခဲ့သည်။

ဒုက္ခအကျပ်အတည်းများသည် လူငယ်များကို တရားမဝင်သည့် လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ရပ်များကို စဉ်းစားရန်နှင့် လက်ခံယုံကြည်ရန် မည်သည့်အခါမှ လှုံ့ဆော်မှုပြုနိုင်မည် မဟုတ်ကြောင်း သမ္မတက ပြောသည်။

လူငယ်များ ဖြတ်ကျော်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို အပြည့်အဝ စောင့်ကြည့်လျက်ရှိကြောင်းနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် သက်မွေးဝမ်းကျောင်း သင်တန်းများနှင့် နည်းပညာလေ့ကျင့်ရေး သင်တန်းများ ကဲ့သို့သော သင်တန်းများ ပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လူငယ်များကို ကိုယ်ပိုင်အလုပ်များ ဖန်တီးလုပ်ကိုင်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်နေသော လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လည်း တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**

## သီရိလင်္ကာ၌ လျှပ်စစ်မီတာခ ၇၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်

**ကိုလံဘို ဩဂုတ် ၉**

သီရိလင်္ကာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပို့လွှတ်မှု အာဏာပိုင်အဖွဲ့က လျှပ်စစ်မီတာခကို ၇၅ ရာခိုင်နှုန်းတိုးမြှင့်ရန် အဆိုပြုချက်ကို ဩဂုတ် ၉ ရက်က အတည်ပြုခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ အများပြည်သူဝန်ဆောင်မှုကော်မရှင် ဥက္ကဋ္ဌ ဂျာနာကာရတ်နာရာကီက စျေးနှုန်းပြန်လည်ပြင်ဆင်မှုသည် ဩဂုတ် ၁၀ ရက်မှ စတင်၍ အကျိုးသက်ရောက်မည်ဟု ပြောကြားသည်။

အဆိုပါ စျေးနှုန်းမြင့်တက်မှုသည် လျှပ်စစ်ဓာတ်အား ယူနစ် ၃၀ အထက် အသုံးပြုမှုအတွက် လစဉ်လျှပ်စစ်မီတာခ ၁၉၈ ရူပီး တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး ပျမ်းမျှအားဖြင့် ယူနစ် ၆၀ အထက် အသုံးပြုသူများအတွက် လစဉ်လျှပ်စစ်မီတာခကို ရူပီး ၂၀၀ ခန့် တိုးမြှင့်ကောက်ခံသွားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား အနည်းငယ်အသုံးပြုသူများမှာ ယခုလက်ရှိ တစ်ယူနစ်လျှင် ၂ ဒသမ ၅ ရူပီးနှုန်း ကောက်ခံလျက်ရှိရာ ထပ်မံတိုးမြှင့်လာသည့် စျေးနှုန်းအရ ဓာတ်အားခတစ်ယူနစ်လျှင် ၈ ရူပီးခန့် ပေးဆောင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ယူနစ်များများ အသုံးပြုသူများက လက်ရှိ တစ်ယူနစ်လျှင် ၄၅ ရူပီးသာ ကောက်ခံနေရာမှ တိုးမြှင့်လာသည့်နှုန်းထားဖြင့် တစ်ယူနစ်လျှင် ၇၅ ရူပီး (၀ ဒသမ ၂၀ ဒေါ်လာ) အထိ ပေးဆောင်ကြရတော့မည် ဖြစ်သည်။

ဆင်ဟွာ၊ အေအက်ဖ်ပီ


## တောင်ကိုရီးယား၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှစ်ဦး သေဆုံးကာ ခြောက်ဦး ပျောက်ဆုံးနေ

**ဆိုးလ် ဩဂုတ် ၉**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကိုရီးယား၏ မြို့တော်ဧရိယာတွင် လူရှစ်ဦးသေဆုံးကာ အခြားခြောက်ဦး ပျောက်ဆုံးနေကြောင်း ဗဟိုဘေးအန္တရာယ်နှင့် ဘေးကင်းလုံခြုံမှု တုံ့ပြန်ဆောင်ရွက်ရေး ဌာနချုပ်က ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၈ ရက်ညပိုင်းတွင် ဂယောင်းဂီပြည်နယ် မြို့တော်ဆိုးလ်မြို့နှင့် အနောက်ဘက်ရှိ အင်ချွန်းဆိပ်ကမ်းမြို့တို့တွင် တစ်နာရီလျှင် မိုးရေချိန် ၁၀၀ မီလီမီတာကျော်အထိ ရွာသွန်းခဲ့သည်။ ဒွန်းဂျက် ခရိုင်တွင် တစ်နာရီလျှင် မိုးရေချိန် ၁၄၁ ဒသမ ၅ မီလီမီတာအထိ ရောက်ရှိခဲ့ပြီး ၁၉၄၂ ခုနှစ် ဩဂုတ်လ နောက်ပိုင်း အမြင့်ဆုံး စံချိန်တင်မိုးရေချိန်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဆိုးလ်မြို့တော် အနီးတစ်ဝိုက်တွင် ဩဂုတ် ၉ ရက်အထိ မိုးရေချိန် ၃၀၀ မီလီမီတာအထိ ဆက်လက်ရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆိုးလ်တွင် လူငါးဦး သေဆုံးကာလေးဦးပျောက်ဆုံးနေသည့်အပြင် ဂယောင်းဂီပြည်နယ်အတွင်း သုံးဦးသေဆုံးကာ အခြားနှစ်ဦးမှာလည်း ပျောက်ဆုံးလျက်ရှိသည်။ ထို့အတူ ပြည်နယ်အတွင်း လူကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မြို့တော်ဧရိယာရှိ အိမ်ထောင်စု ၂၃၀ မှ လူ ၃၉၁ ဦးသည် အိုးအိမ်များကို စွန့်ခွာကာ အများပြည်သူဆိုင်ရာ အဆောက်အအုံများတွင် ခိုလှုံနေကြရသည်။

ဆင်ဟွာ


ဆိုးလ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ကာ လမ်းများပေါ်တွင် ကားများ ရေနစ်မြုပ်နေသည်ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံတစ်ဝန်း အပူလျှပ်မှုကြောင့် တစ်ပတ်အတွင်း လူပေါင်း ၇၂၀၀ ကျော် ဆေးရုံများသို့ ပို့ဆောင်ခဲ့ရ

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံ၌ ပြင်းထန်သော အပူချိန် ဆက်လက်ရှိနေသည့်အတွက်ပြီးခဲ့သည့်သီတင်းပတ်က နိုင်ငံတစ်ဝန်း အပူလျှပ်မှုကြောင့် ဆေးရုံများသို့ လူပေါင်း ၇၂၀၀ ကျော် ပို့ဆောင်ခဲ့ရကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဩဂုတ် ၇ ရက်အထိ တစ်ပတ်အတွင်း ဆေးရုံများသို့ လူပေါင်း ၇၂၁၈ ဦး ပို့ဆောင်ပေးခဲ့ရကြောင်း မီးသတ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ပြောသည်။ ဆေးရုံသို့ ပို့ဆောင်ရသော အဆိုပါ ပမာဏသည် ယခင်သီတင်းပတ်က ပို့ဆောင်ရသော ပမာဏထက် ၁၀၂ ဦးတိုးလာကြောင်း သိရသည်။

ထို့အပြင် အဆိုပါ အေဂျင်စီက ဆေးရုံများသို့ ပို့ဆောင်ထားရသော လူနာများအနက် ၂၅၆၀ သည် ပြင်းထန်သော လက္ခဏာ သို့မဟုတ် အသင့်အတင့်သော လက္ခဏာရှိကြောင်းနှင့် ငါးဦး သေဆုံးကြောင်း ပြောသည်။ လူနာ ထက်ဝက်ကျော်သည် အသက် ၆၅ နှစ်နှင့် အထက်ဖြစ်ကြောင်း သိရသည်။

မိုးလေဝသ တာဝန်ရှိသူများသည် ဩဂုတ် ၁၀ ရက်တွင် ဂျပန်နိုင်ငံ အနောက်ပိုင်းမှ အရှေ့ပိုင်းအထိ နေရာအများအပြားတွင် အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်လွန်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**




## ပထမနှစ်ဝက်အတွင်း လာအိုသို့ ခရီးသွားဝင်ရောက်မှု မြင့်တက်လာ

**ဗီယင်ကျင်း ဩဂုတ် ၉**

လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကျဆင်းလာခြင်းနှင့်အတူ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှုကြောင့် ယခုနှစ် ပထမခြောက်လအတွင်း နိုင်ငံတွင်းသို့ လာရောက်လည်ပတ်သူအရေအတွက် မြင့်တက်လာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ယခုနှစ် ပထမခြောက်လအတွင်း လာအိုနိုင်ငံတွင်းသို့ ခရီးသွားဗီဇာဖြင့် လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ဦးရေသည် ၄၂၁၉၇ ဦးရှိကြောင်း သိရသည်။ လာအိုအစိုးရက နိုင်ငံတွင်းသို့ ခရီးသွားများ ဝင်ရောက်ခွင့်ပြုလိုက်ပြီးနောက် မေလနှင့် ဇွန်လသည် နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု အများဆုံးဖြစ်ပြီး ၃၅၉၈၃ ဦးအထိရှိကြောင်း လာအိုနေ့စဉ် သတင်းစာ ဗီယင်ကျင်းတိုင်းမ်က ဩဂုတ် ၉ ရက်တွင် ဖော်ပြထားသည်။

ခရီးသွားအများစုသည် လာအိုနိုင်ငံတွင်းသို့ မြို့တော်ဗီယင်ကျင်းရှိ လာအို-ထိုင်းချစ်ကြည်ရေးတံတား၊ ဝပ်တေအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် လူအန်ပရာဘန်း အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ ဝင်ရောက်လာကြခြင်း ဖြစ်သည်။ ယခုနှစ် ပထမငါးလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၆၂၆၈၂၅ ဦးရှိသည့်အတွက် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ဆင်ဟွာ

# အယ်လ်ကေးဒါးခေါင်းဆောင်ကို အမိအရ အမြစ်ဖြုတ်တိုက်ခိုက်ခြင်း

နေမင်း

**အမေရိကန်တို့ရဲ့ ဒရုန်းတိုက်ခိုက်မှုမှာ ၉/၁၁ တိုက်ခိုက်မှုရဲ့ အဓိကကြိုးကိုင်သူတစ်ဦးဖြစ်တဲ့ အီမင်န်အယ်လ်ဇာဝါဟီရီကို သုတ်သင်နိုင်ခဲ့ပါတယ်။ အယ်လ်ဇာဝါဟီရီဟာ အိုစမာဘင်လာဒင်သေဆုံးပြီးနောက်ပိုင်းမှာ အယ်လ်ကေးဒါးခေါင်းဆောင်နေရာကို ရယူခဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လက်မတွန့်ဘဲ လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ အခုတော့ သူဟာ အာဖဂန်နစ္စတန်ရဲ့ ကျေးလက်အိမ်လေးမှာ သေဆုံးခဲ့ပြီလို့ အမေရိကန်သမ္မတ ဘိုင်ဒင်က တနင်္လာနေ့ညမှာ ကြေညာခဲ့ပါတယ်။**



အိုစမာဘင်လာဒင် (ဘယ်) နှင့် အီမင်န်အယ်လ်ဇာဝါဟီရီတို့ကို အတူတကွ တွေ့ရစဉ်။

❀ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ အယ်လ်ကေးဒါးအကြမ်းဖက်သမားတွေဟာ ခရီးသည်တင် လေယာဉ်လေးစင်းကို အပိုင်စီးကာ ဒုံးကျည်များအသွင် အမေရိကန်တွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ လူ ၃၀၀၀ လောက် သေဆုံးခဲ့သလို ဒီဖြစ်ရပ်ဟာ ကမ္ဘာကြီးကို ထာဝရ ပြောင်းလဲစေခဲ့ပါတယ်။ ဘိုင်ဒင်ကတော့ အယ်လ်ဇာဝါဟီရီရဲ့ သေဆုံးခြင်းဟာ ၂၀၀၁ ခုနှစ်ကသေဆုံးခဲ့သူ ၃၀၀၀ ရဲ့ မိသားစုတွေကို ပြန်ပြီးနီးကပ်စေခဲ့တယ်လို့ ပြောပါတယ်

### အမေရိကန်ဦးတည်တိုက်ခိုက်

လွန်ခဲ့တဲ့သီတင်းပတ်အတော်ကြာက ကဘူးလ်မြို့လယ်ရဲ့ နံနက်ခင်းတိုက်ခိုက်မှုတစ်ခုမှာ ၂၁ နှစ်ကြာ လိုက်လံဖမ်းဆီးနေတဲ့ အီဂျစ်အစွန်းရောက်တစ်ဦးကို သုတ်သင်ခဲ့ပါတယ်။ သူဟာ ဘင်လာဒင်ဘေးမှာ သူများတွေထက် အချိန်အတော်ကြာ ရှိနေခဲ့ပြီး အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်မှုတွေမှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ထို့အတူ အမေရိကန်တွေကို ဦးတည်တိုက်ခိုက်ဖို့ ဘယ်တော့မှ လက်လျှော့မယ့်သူ တစ်ဦးလည်း မဟုတ်ပါဘူး။

လွန်ခဲ့တဲ့နှစ်အမေရိကန်တပ်ဖွဲ့ဝင်တွေ ထွက်ခွာသွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံရဲ့ ကဘူးလ် တိုက်ခိုက်မှုဟာ အမေရိကန်တို့ရဲ့ ပထမဆုံး တိုက်ခိုက်မှုဖြစ်ပါတယ်။ အယ်လ်ဇာဝါဟီရီ သေဆုံးပြီးနောက်မှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တရားမျှတမှုကို ပေးအပ်ခဲ့ပါပြီ။ ဒီအကြမ်းဖက်ခေါင်းဆောင် နောက်ထပ်ရှိတော့မှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

သူဟာ ကမ္ဘာ့အလိုရှိဆုံး အကြမ်းဖက်သမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူသေဆုံးမှုဟာ ဆယ်စုနှစ်လေးစုကြာသမိုင်းရှိခဲ့တဲ့ အယ်လ်ကေးဒါးအုပ်စုရဲ့ ခေါင်းဆောင်ပိုင်းဆိုင်ရာအပြောင်းအလဲကို ကျိမ်းသေဖြစ်စေဦးမှာပါ။

အမေရိကန်သံရုံးဟောင်းနဲ့ နှစ်မိုင်နီးပါးဝေးတဲ့ လုံခြုံတဲ့ကျေးလက်အိမ်မှာ အယ်လ်ဇာဝါဟီရီ မိသားစုနဲ့ အတူရှိနေချိန် စီအိုင်အေတပ်ဆင်ခဲ့တဲ့ အဝေးထိန်းဒရုန်းယာဉ်က ဒုံးကျည်နှစ်စင်း ပစ်ထည့်လိုက်ချိန်မှာတော့ သူသေဆုံးခဲ့တာပဲ ဖြစ်ပါတယ်။

### ခေါင်းဆောင်နေရာ ဆက်ခံမယ့်သူကို မရှာရသေး

လတ်တလောမှာတော့ အယ်လ်ကေးဒါးအဖွဲ့မှာ နောက်ထပ်ခေါင်းဆောင်နေရာ ဆက်ခံမယ့်သူကို မရှာရသေးပါဘူး။ ဒီအပြောင်းအလဲဟာ အယ်လ်ကေးဒါးအဖွဲ့အတွက် စိန်ခေါ်မှုတစ်ခုပါပဲ။ အယ်လ်ကေးဒါးဟာ တိုက်ခိုက်ရေးသမားသစ်တွေကို ထပ်မံစုဆောင်းဖို့ လိုအပ်လျက်ရှိပါတယ်။ ဒီလိုမှသာ အပြင်ပိုင်းတိုက်ခိုက်မှုတွေကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အယ်လ်ကေးဒါးတိုက်ခိုက်ရေးသမားဟောင်းတွေဟာလည်း မကြာသေးမီနှစ်တွေက အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး စစ်ဆင်ရေးမှာ သေဆုံးခဲ့ကြပြီ ဖြစ်ပါတယ်။

အသက် ၇၁ နှစ်ရှိ အီဂျစ်ဆရာဝန်ဟာ ၂၀၁၁ ခုနှစ်မှာ ဘင်လာဒင်သတ်ဖြတ်ခံရပြီးနောက် အယ်လ်ကေးဒါး ခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။ လပေါင်းအတော်ကြာ အစီအစဉ်ဆွဲခဲ့ပြီးနောက်တော့ တိကျတဲ့ပစ်မှတ်ကို ပစ်ခွင်းလိုက်ပြီဖြစ်တယ်လို့ ဘိုင်ဒင်က ပြောခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ တခြားမိသားစုဝင်တွေရှိသော်လည်း အယ်လ်ဇာဝါဟီရီ တစ်ယောက်တည်း သေဆုံးခဲ့တာ ဖြစ်ပါတယ်။

### မိသားစုတွေ ပြန်ပြီးနီးကပ်စေခဲ့

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ အယ်လ်ကေးဒါးအကြမ်းဖက်သမားတွေဟာ ခရီးသည်တင် လေယာဉ်လေးစင်းကို အပိုင်စီးကာ ဒုံးကျည်များ အသွင် အမေရိကန်တွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ လူ ၃၀၀၀ လောက် သေဆုံးခဲ့သလို ဒီဖြစ်ရပ်ဟာ ကမ္ဘာကြီးကို ထာဝရ ပြောင်းလဲစေခဲ့ပါတယ်။ ဘိုင်ဒင်ကတော့ အယ်လ်ဇာဝါဟီရီရဲ့ သေဆုံးခြင်းဟာ ၂၀၀၁ ခုနှစ်က သေဆုံးခဲ့သူ ၃၀၀၀ ရဲ့ မိသားစုတွေကို ပြန်ပြီး နီးကပ်စေခဲ့တယ်လို့ ပြောပါတယ်။

### စည်းခြားသတ်မှတ်လိုက်တဲ့ မျဉ်းတစ်ခုဖြစ်လာ

ဒီအကြမ်းဖက်တိုက်ခိုက်မှုဟာ အဓိကအုပ်စုကြီးနှစ်ခုဖြစ်တဲ့ အကြမ်းဖက်မှုနဲ့ အကြမ်းမဖက်သူများကြား စည်းခြားသတ်မှတ်လိုက်တဲ့ မျဉ်းတစ်ခု ဖြစ်လာပြီး နိုင်ငံတိုင်းဟာ မိမိတို့နဲ့အတူရှိမလား ဒါမှမဟုတ် အကြမ်းဖက်သမားတွေနဲ့ အတူရှိမလား ဆိုတာ အခုတော့ ဆုံးဖြတ်ချက်ချရတော့မယ်လို့ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က အဲဒီအချိန်က ပြောခဲ့ပါတယ်။

အမေရိကန်တွေအတွက် အိုစမာဘင်လာဒင်ကို ရှာဖွေဖော်ထုတ်ပြီး သတ်ဖြတ်နိုင်ဖို့ဆိုတာ ၁၀ နှစ်နီးပါး ကြာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အိုစမာဘင်လာဒင်ကို သုတ်သင်ခဲ့တော့လည်း အာဖဂန်နစ္စတန်မှာ မဟုတ်ဘဲ ပါကစ္စတန်ရဲ့ မြို့စောင့်တပ်တွေရှိတဲ့ အဘော့တာဘတ်မှာ ဖြစ်ပါတယ်။ အမေရိကန်တပ်ဖွဲ့တွေဟာ အဲဒီမှာ အိုစမာဘင်လာဒင်ကို ညဘက်ဝင်ရောက်စီးနင်းပြီး သုတ်သင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုတစ်ခါ စီအိုင်အေကစီစဉ်ခဲ့တဲ့ ဒီဒရုန်းတိုက်ခိုက်မှုဟာ အာဖဂန်နစ္စတန်နိုင်ငံမှာရှိတဲ့ ပစ်မှတ်ကို တိုက်ခိုက်တဲ့နေရာမှာ တိကျအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူသေဆုံးမှုနဲ့ ပတ်သက်ပြီးတော့ နောက်ပိုင်းမှာ ခေါင်းဆောင်သစ်တစ်ဦး ထပ်မံပေါ်ပေါက်လာဦးမလား ဆိုတာကတော့ လတ်တလောမှာ ပြောရခက်ပါတယ်။

### ကမ္ဘာနဲ့အဝန်း တုန်လှုပ်စေခဲ့

သို့သော်လည်း ဒရုန်းတိုက်ခိုက်မှုကြောင့် သူသေဆုံးခဲ့တဲ့သတင်းကတော့ ကမ္ဘာနဲ့အဝန်းကို တုန်လှုပ်စေခဲ့ပါတယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ အကြမ်းဖက်သမားတွေဟာ ကမ္ဘာမြေပေါ်မှာ ဘယ်လိုမှ အသက်ရှင်သန်လို့မရဘဲ နောက်ဆုံးမှာတော့ တစ်နည်းနည်းနဲ့ သေဆုံးကြရမှာပဲ ဖြစ်ပါတယ်။

### ကမ္ဘာကြီးတည်ငြိမ်ဖို့ဆိုရင် အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းဖို့လို

အကြမ်းဖက်သမားတွေဟာ လူ့ဘောင်လူ့လောကကို အကျည်းတန်အရုပ်ဆိုးစေသူများဖြစ်သလို ပြည်သူတွေရဲ့ နှလုံးကိုလည်း ပူဆွေးမှုတွေ ဖြစ်စေပါတယ်။ ဒါကြောင့် အကြမ်းဖက်သမားဆိုရင် ဘယ်သူမှ ကမ္ဘာပေါ်မှာ မရှိတာအကောင်းဆုံး ဖြစ်ပါတယ်။ ကမ္ဘာကြီးအေးချမ်းတည်ငြိမ်ဖို့ဆိုရင်တော့ ကမ္ဘာတစ်ဝန်းမှာ အကြမ်းဖက်မှုတွေ ချုပ်ငြိမ်းဖို့ လိုပါတယ်။

ကိုးကား – နယူးယောက်တိုင်းမ်၊ စီအက်စ်အိုင်အက်စ်

# ဩဂုတ် ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၄၁ ရာခိုင်နှုန်းရှိ

(၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲ နမူနာ စုစုပေါင်း (၆,၅၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၈၈,၉၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၂၄၀) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင်သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

(၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၄၅) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၇) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၉၈) ခု | (၂) ဦး |
| စုစုပေါင်း | (၆,၅၆၅) ခု | (၂၇) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာဆေးကြောပါ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း ၉ ဒသမ ၉၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၂၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၃၇၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၅၂၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၇၆၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၉၆၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၈၂၁၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၉**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲ ဆက်လက်ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသားအသင်းများ အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဩဂုတ် ၉**

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသားအသင်းတို့သည် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် သင်္ကြန်ကာလအပြီးကတည်းက စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး လက်ရှိအချိန်တွင် နှစ်သင်းစလုံး နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်း ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ဆော်ဒီအာရေဗျ၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ မော်လ်ဒိုက်အသင်းတို့နှင့် ပါဝင်နေသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇူလိုင်လဆန်းတွင် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိသည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေသည်။ မြန်မာ ယူ-၁၆ အသင်း ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(ဃ)တွင် အိန္ဒိယ၊ ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ ကူဝိတ်အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာ ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုးက ကိုင်တွယ်နေပြီး လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပနေသည့် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည်။ မြန်မာအသင်းသည် လက်ရှိတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ထားပြီးဖြစ်သည်။

မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ လက်ရွေးစင် နှစ်သင်းစလုံးသည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် ယခုလပထမပတ်တွင် စတင်ကျင်းပလျက်ရှိသည့် ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိယှဉ်ပြိုင်နေသည့် နိုင်ငံတကာပြိုင်ပွဲများပြီးဆုံးပါက ပွဲစဉ်များ စတင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် Young Boys အမည်ဖြင့်လည်းကောင်း၊ မြန်မာ ယူ-၁၉ အသင်းသည် Junior Lions အမည်ဖြင့်လည်းကောင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ဗိုလ်လုပွဲပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၈ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ခန်းမ၌ကျင်းပသည်။



ဗိုလ်လုပွဲ ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသက် ၁၂ နှစ်နှင့် အောက်၊ အသက် ၁၆ နှစ်နှင့်အောက်၊ အသက် ၂၅ နှစ်နှင့် အောက်၊ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားအသင်းလိုက်၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော သဃ်န်းကျွန်းခရိုင်နှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒဂုံမြို့သစ်ခရိုင်တို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က တံခွန်စိုက်ဆုဖလားများ ချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး အသင်း ၂၆ သင်း၊ ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**အာကာလင်း**

## MNL ပွဲစဉ် (၇) လက်ကျန်ပွဲ ဩဂုတ် ၁၀၊ ၁၁ ရက် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

အပတ်စဉ်ကျင်းပနေသည့် ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) လက်ကျန်နှစ်ပွဲကို ဩဂုတ် ၁၀၊ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်လိုနေသည့် အသင်းများ၏ ရုန်းကန်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၁၀ ရက်တွင် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ ဩဂုတ် ၁၁ ရက်တွင် အား/ကာသိပ္ပံနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၈ ရက် ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ပွဲဆက်အနိုင်ဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး မြဝတီအသင်းက ဒုတိယနေရာသို့ တက်လှမ်းလာသည်။ နိုင်ပွဲပျောက်ဆုံးခဲ့သည့် ရောဝတီအသင်းက တတိယနေရာ၊ ရန်ကုန်အသင်းက စတုတ္ထနေရာသို့ ဆင်းပေးခဲ့ရသည်။ ဇယားထိပ်ပိုင်းမှ လေးသင်းနှင့် အမှတ်မပြတ်စေရန်အတွက် လက်ကျန်ပွဲများ ကစားမည့် အမှတ်ပေးဇယား အလယ်မှ အား/ကာသိပ္ပံနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။ ယင်းနှစ်သင်း အနိုင်ရမှသာ အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် ရန်ကုန်အသင်းနှင့် အမှတ်ကွာဟနေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင် ရလဒ်ပိုင်း မတည်ငြိမ်သေးဘဲ အမှတ်ပေးဇယား အလယ်နားတွင်သာ ရပ်တည်နေသည်။ ထို့ကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ဖိအားပေးနိုင်ရေးအတွက် နိုင်ပွဲပြန်လည်ရယူနိုင်ရန် လိုအပ်နေသည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရလဒ်ဆိုးများနှင့် ဆက်တိုက်ရင်ဆိုင်နေရပြီး ယခုပွဲတွင်လည်း ဟံသာဝတီအသင်းနှင့် တွေ့ဆုံနေသဖြင့် ပထမဆုံးနိုင်ပွဲ မျှော်လင့်ချက်မှာ ထပ်မံရုန်းကန်ရဖွယ်ရှိနေသည်။ ယခုရာသီပြိုင်ပွဲဝင်အသင်းများတွင် တစ်သင်းတည်းသော ပွဲတိုင်းရှုံးနိမ့်ထားသည့်အသင်းအဖြစ် ရခိုင်အသင်းက ပိုင်ဆိုင်ထားပြီး ဇယားအောက်ဆုံးသို့ ရောက်ရှိနေသည်။

ယခုရာသီတွင် ခြေစွမ်းတက်နေသည့် အား/ကာသိပ္ပံအသင်းသည် အသင်းကြီးများနှင့် ဆက်တိုက်ကစားပြီးနောက် ယခုပွဲတွင် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် GFA အသင်းနှင့် ကစားရမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရပါက အဆင့်ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ကွာဟနေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ GFA အသင်းမှာလည်း တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်ရမည်ဖြစ်ပြီး အနီးစပ်ဆုံးဖြစ်သည့် အဆင့် ၈ နေရာမှ မဟာယူနိုက်တက်အသင်းနှင့် သုံးမှတ်ကွာဟနေသည်။

**ကိုညီလေး**

## ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မလေးရှားကို မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၉**

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၉ ရက်က ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့၌ ကျင်းပရာ မြန်မာအသင်းသည် မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

နှစ်ပွဲဆက် အရေးနိမ့်ထားသည့် မြန်မာအသင်းသည် ယခုအုပ်စု နောက်ဆုံးပွဲတွင်လည်း မလေးရှားကို ထပ်မံအရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံး ဂိုးပေါက်ပျောက်ဆုံးခဲ့ပြီး အုပ်စုအောက်ဆုံးနေရာသာ ရပ်တည်ခဲ့သဖြင့် တတိယနေရာလုပွဲသာ ကစားရတော့မည် ဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး အောင်ပြည့်ဖြိုး (ဂိုး)၊ သာယာဝင်းထက်၊ မျိုးမင်းဟိန်း၊ လန်းဆန်းအောင်၊ အာကာကျော်၊ ချစ်အေး၊ မိုးဆွေ၊ ဟိန်းဇော်နိုင်၊ ထွန်းထွန်းသိန်း၊ စွမ်းထက်၊ သန်းတိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် မလေးရှားအသင်း ဂိုးစတင်ရရှိပြီး နာဆာရင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် ပွဲအစ မိနစ်အနည်းငယ်အတွင်း ဂိုးများပေးနေရပြီး ဂိုးစတင်ပေးလိုက်ရသဖြင့် နောက်မှ လိုက်ကစားရကာ မျှော်မှန်းသလို မကစားနိုင်ခဲ့ပေ။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရခဲ့ပေ။ ပွဲပြီးခါနီး ၈၇ မိနစ်တွင် မလေးရှားအသင်း ဒုတိယဂိုးရခဲ့ပြီး အဘူဘာကာက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံးအရေးနိမ့်ခဲ့သဖြင့် အုပ်စုအောက်ဆုံးနေရာ၌ ရပ်တည်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။

ရဲရင့်လွင်၊ဓာတ်ပုံ-VFF



မြန်မာနှင့် မလေးရှား ယှဉ်ပြိုင်နေစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်နေ မင်းကိုဦးသည် ၎င်းအသုံးပြုသည့် “Min Ko Oo” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စက်လှေနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၅၉၁၂တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၁၂၀၀) နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် Hino Ranger အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၉၁၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထီးတန်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လုပ်ငန်းသုံးစက်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၁၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၁၉၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဖျာပုံမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ချောင်းသာဘိနယ် ချောင်းသာကြိုးဝိုင်းအတွင်းတို့၌ တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၇၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၈၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဖျာပုံမြို့နယ် အမှတ် (၂) ရပ်ကွက် ချောင်းတွင်းကျေးရွာ၌ Honda CRV အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀)ကို **(အပေါ်ပုံ)** ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၄၈၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျွဲခရုံ ကျေးရွာအုပ်စု ချောင်းနှစ်ပွာ ချောင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၀၉၇၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၃၈၉၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည်စက်လှေ တစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၈၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအတွင်း တရားမဝင် ပျဉ်းကတိုးခွဲသား ၀ ဒသမ ၅၂၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၉၀၂၆၃၇၆ ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

**ထောင်ဒဏ် ၁၀ နှစ် အမိန့်ချ**

ကချင်ပြည်နယ် တနိုင်းမြို့နယ်နေ ဒေါ်ရှီးမာဆာ(ခ) ဒေါ်ပိုက်က လိပ်စာတူနေ မ --- (၃၁) နှစ်ကို လီဆူအမျိုးသားတစ်ဦးနှင့် အိမ်ထောင်ချပေးမည်၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ လာရောက်တောင်းရမ်းမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသား လင်ကျီးယဲ့ထံ ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် တနိုင်းမြို့မရဲစခန်း (ပ) ၄/ ၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၅ ရက်တွင် တရားခံ ဒေါ်ရှီးမာဆာ(ခ) ဒေါ်ပိုက် ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးကုတ်၊ နောင်ချိုနှင့် သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းတည့် ၁၂ နာရီက မိုးကုတ်မြို့ မြို့မရပ်ကွက်တွင် ရဲအောင်(ခ)ဆံရှည် မောင်းနှင်လာသည့် Nissan AD VAN အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ တို့ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် နောင်ချိုမြို့ ပါဟက်ရပ်ကွက် မန္တလေး-လားရှိုးသွားကားလမ်းရှိ အိုရီယမ်တယ်တိုးဂိတ် အနီးတွင် သိန်းဟုန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈၀၀ ကိုလည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာ အုပ်စု ပန်စောက်မိန်းကျေးရွာရှိ သီပေါတံတားအနီးတွင် AD VAN အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မချိုသဲဦး ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# Myanmar Cyber Security Challenge ပြိုင်ပွဲ(၂၀၂၂) ကို စက်တင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ကြီးမှူး၍ Myanmar Cyber Security Challenge ပြိုင်ပွဲ(၂၀၂၂)ကို စက်တင်ဘာလ ဒုတိယပတ်တွင် နေပြည်တော်ရှိ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (Myanmar Computer Emergency Response Team–MMCERT)မှ ထုတ်ပြန်ချက်အရ သိရသည်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်နှင့် လူငယ်များ ဆိုက်ဘာလုံခြုံရေးနယ်ပယ်ကို စိတ်ဝင်စားမှု မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်လျှောက်လွှာကို https://mmcert.org.mm/RegistrationForm2022.pdf နှင့် https://mmcert.org.mm/Announcement2022.pdf လိပ်စာများတွင် ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်အတွက် လျှောက်လွှာပိတ်ရက်မှာ စက်တင်ဘာ ၂ ရက်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများကို စက်တင်ဘာ ၅ ရက်တွင် ကြေညာမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့်အသင်းများ၊ ပြိုင်ပွဲဝင် သုံးဦးမပြည့်သည့် အသင်းများအား ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း၊ အရည်အချင်းကိုက်ညီသည့် ပြိုင်ပွဲဝင်အသင်း ၂၀ ထက် ကျော်လွန်နေပါက စက်တင်ဘာ ၄ ရက်တွင် အွန်လိုင်းမှတစ်ဆင့် Forensics/Reverse Engineering/Cryptography နှင့်ဆိုင်သော မေးခွန်းများကို နှစ်နာရီကြာ ဖြေဆိုရမည်ဖြစ်ပြီး အမှတ်အများဆုံး အသင်း ၂၀ ကိုသာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။



၂၀၁၉ ခုနှစ်က ကျင်းပခဲ့သောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ပြိုင်ပွဲဝင်အသင်းများ။

ပြိုင်ပွဲတွင် (က) Web Security (ခ)Forensics (ဂ) Cryptography (ဃ) Reverse Engineering (c) Binary Exploits(Pwn) ကဏ္ဍများကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖြေဆိုရမည်ဖြစ်ပြီး ချီးမြှင့်မည့်ဆုများမှာ ဆုတံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်များနှင့်အတူ ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်းနှင့် တတိယဆု ကျပ် ခုနစ်သိန်း ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများမှ ပြိုင်ပွဲဝင်များအား စင်ကာပူနိုင်ငံတွင် ကျင်းပမည့် "Singapore Cyber Conquest"၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် "ASEAN Students Contest on Information Security"နှင့် ထိုင်းနိုင်ငံတွင်ကျင်းပမည့် "ASEAN Cyber SEA Game" ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုကို သိရှိလာခြင်း၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ကာကွယ်နိုင်မည့်နည်းလမ်းများကို ပိုမိုသိရှိလာခြင်း၊ နိုင်ငံတကာ၏ စံသတ်မှတ်ချက်များနှင့်အညီ ထုတ်ထားသောမေးခွန်းများကို ဖြေဆိုခြင်းဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အတွေ့အကြုံကောင်းများရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် လျှောက်လွှာများကို စက်တင်ဘာ ၂ ရက်မတိုင်မီ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ ဇမ္ဗူကျက်သရေလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ctf@ncsc.gov.mm သို့ အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့နိုင်ပြီး ပြိုင်ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် – ၀၆၇– ၃၄၂၂၇၂ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

**ကိုစိုး**

## ဘုန်းတော်ကြီးသင်နှင့် မိဘမဲ့ကျောင်းများအတွက် အက်တမ်က ကျပ်သန်းတစ်ထောင် လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၉**

နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် မိဘမဲ့ကျောင်းများတွင် လိုအပ်လျက်ရှိသော အရည်အသွေး ပြည့်ဝကောင်းမွန်သည့် အထောက်အကူပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရန်အတွက် မြန်မာကျပ်ငွေ တစ်ဘီလီယံကို အက်တမ်(ATOM)က ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အက်တမ်မှ ထိုသို့ လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီမှုသည် ကလေးများနှင့် လူငယ်လူရွယ် ၅၀၀၀ ကျော်အတွက် အကျိုးရှိမည်ဟု မျှော်လင့်ထားကြောင်း၊ ပံ့ပိုးပေးသော အထောက်အကူပစ္စည်းများနှင့် အခြေခံ အဆောက်အအုံများသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် မိဘမဲ့ကျောင်းများ၏ လိုအပ်ချက်များအပေါ် မူတည်၍ ကွဲပြားမှုရှိမည်ဖြစ်ကြောင်း၊ ပံ့ပိုးကူညီမှုများအနေဖြင့် တည်ရှိပြီးသား အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်းများနှင့် အထောက်အကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အက်တမ်သည် ၂၀၂၃ နှစ်ကုန်အထိ ကော်ပိုရိတ်လူမှုရေးဆိုင်ရာ တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ ပရောဂျက်များအတွက် ကျပ် သုံးဘီလီယံ လျာထားပြီး ဆက်သွယ်ရေးကဏ္ဍကို အဆင့်မြှင့်တင်ခြင်း၊ အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ဖြင့် မြန်မာပြည်သူများအတွက် ပိုမိုကောင်းမွန်သောလူမှုဘဝများဖန်တီးပေးရန် ကတိကဝတ်ပြုထားကြောင်း သိရသည်။

**ကျော်ဇင်ဦး**




တိုက်ကြီးမြို့နယ်ရှိ YGW ဘုန်းတော်ကြီးကျောင်းသို့ အက်တမ်က အလှူငွေလှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က ကျင်းပစဉ်။

## အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်လွှင့်၍ ဈေးရောင်းချနိုင်သော လူမှုကွန်ရက်များ


ဆိုရှယ်မီဒီယာဟုခေါ်သည့် လူမှုကွန်ရက်များကို ကမ္ဘာတစ်ဝန်းလုံး၌ အသုံးများလာချိန်တွင် အဆိုပါလူမှုကွန်ရက်များကို တည်ထောင်ထားသည့် နည်းပညာလုပ်ငန်းကြီးများက ၎င်းတို့၏ လူမှုကွန်ရက်များမှတစ်ဆင့် တိုက်ရိုက်လွှင့်၍ ဈေးရောင်းချနိုင်သည့် လုပ်ဆောင်ချက်ကို ထည့်သွင်းပေးလာကြသည်။

အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းချသည့် လုပ်ဆောင်ချက်ကို ယနေ့ မြန်မာနိုင်ငံတွင် အသုံးများလျက်ရှိသော လူမှုကွန်ရက်များဖြစ်သည့် Instagram, Facebook, Youtube, TikTok စသည်တို့တွင် ထည့်သွင်းပေးထားသလို မြန်မာနိုင်ငံမှ အသုံးနည်းသော်လည်း ကမ္ဘာတစ်ဝန်းတွင် အသုံးများသည့် Twitter, Pinterest, Amazon, WeChat နှင့် Snapchat တို့တွင်လည်း အွန်လိုင်းမှဈေးရောင်းနိုင်သည့် လုပ်ဆောင်ချက်ကို ထည့်သွင်းပေးထားကြကာ အသုံးပြုမှုမှာလည်း တွင်ကျယ်လျက်ရှိသည်။

ထိုသို့ တိုက်ရိုက်လွှင့်ဈေးရောင်းချနိုင်သည့် လုပ်ဆောင်ချက်ကို ထည့်ပေးရာတွင် Live Shopping, Live Commerce, Marketplace စသည်ဖြင့် အမည်အမျိုးမျိုးပေးကြသည်။ သို့သော် အဓိကလုပ်ဆောင်ချက်အနေဖြင့် တိုက်ရိုက်လွှင့်၍ဈေးရောင်းသူများ၏ ဗီဒီယိုများတွင် ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည်၊ အသေးစိတ်အချက်အလက်၊ အရေအတွက်၊ ဈေးနှုန်းနှင့် တိုက်ရိုက်ငွေပေးချေဝယ်ယူရန် စသည်တို့ကို Tag တွဲ၍ ဖော်ပြခွင့်ပေးထားသည့်အချက်မှာ Live Shopping များတွင် တူညီသည့်အချက်ဖြစ်သည်။ တိုက်ရိုက်လွှင့်ရောင်းချမှုကို ကြည့်ရှုသူများအနေဖြင့်လည်း အချက်အလက်များကို ကြည့်ရှုပြီး ဝယ်ယူလိုပါက ဗီဒီယိုတွင်ပါသော ငွေချေရန်ခလုတ်ကို နှိပ်ရုံဖြင့် အွန်လိုင်းငွေချေစနစ်တစ်ခုခုဖြင့် ငွေချေပြီး ဝယ်ယူနိုင်မည်ဖြစ်သည်။

### မြန်မာနိုင်ငံ၌ တိုက်ရိုက်ရောင်းချသည့်ပုံစံ

မြန်မာနိုင်ငံတွင်လည်း ပြီးခဲ့သည့်နှစ်များမှစ၍ လူမှုကွန်ရက်မှတစ်ဆင့် တိုက်ရိုက်လွှင့်၍ ဈေးရောင်းချသည့်စနစ် တွင်ကျယ်လာခဲ့သော်လည်း မြန်မာနိုင်ငံတွင် တိုက်ရိုက်လွှင့် ဈေးရောင်းခြင်းနှင့် ဈေးဝယ်ခြင်းမှာ နိုင်ငံတကာတွင်ရောင်းချသော/ဝယ်ယူသော ပုံစံနှင့် ကွာခြားလျက်ရှိသည်။ တိုက်ရိုက်လွှင့်ဈေးရောင်းချနိုင်သည့် Live Shopping လုပ်ဆောင်ချက်နှင့် ဆင်တူသော Live လုပ်ဆောင်ချက်ကိုသာ အသုံးပြု၍ ဈေးရောင်းချနေကြခြင်းဖြစ်သည်။ ရောင်းချမည့်သူများက ဗီဒီယိုတိုက်ရိုက်လွှင့်၍ မိမိတို့ရောင်းချလိုသည့် ထုတ်ကုန်အကြောင်းကို ကြော်ငြာကြသည်။ ထိုဗီဒီယိုတွင် ကုန်ပစ္စည်းအကြောင်း Tag တွဲထားခြင်းမရှိသလို တိုက်ရိုက်ငွေပေးချေနိုင်မည့်စနစ်လည်း ပါဝင်ခြင်းမရှိပေ။ ကြည့်ရှုသူများကလည်း သိလိုသည့်အချက်များကို Comment များမှဖြစ်စေ၊ သီးသန့်စာပို့၍ဖြစ်စေ၊ ဖုန်းဆက်၍ဖြစ်စေ မေးမြန်းကြသည်။ ထို့နောက် ဝယ်ယူရန် ဆုံးဖြတ်ချက်ချပြီးသောအခါ အများအားဖြင့် မိုဘိုင်းငွေချေစနစ်တမျိုးမျိုးဖြင့် ငွေပေးချေပြီးဖြစ်စေ၊ ပစ္စည်းရောက် ငွေချေစနစ်ဖြင့်ဖြစ်စေ ဝယ်ယူကြခြင်းဖြစ်သည်။




လူမှုကွန်ရက်တစ်ခု၏ Live Shopping လုပ်ဆောင်ချက်ကိုသုံး၍ ဈေးရောင်းချနေသည့် နိုင်ငံတကာမှ အွန်လိုင်းရှော့ပ်တစ်ခု

သို့ဖြစ်၍ မြန်မာနိုင်ငံမှ တိုက်ရိုက်လွှင့်ဈေးရောင်းချနေသူအများစု အသုံးပြုနေသော ဖေ့စ်ဘုတ်လူမှုကွန်ရက်တွင် တိုက်ရိုက်လွှင့်ရောင်းချသည့်လုပ်ဆောင်ချက်ကို ပိတ်ရန်အတွက် ဖေ့စ်ဘုတ်၏ မူရင်းကုမ္ပဏီ မီတာ(Meta)က ပြီးခဲ့သောငါးရက်ခန့်က ထုတ်ပြန်ချက်သည် Live Shopping လုပ်ဆောင်ချက်ကို အသုံးပြုနေသူများနှင့်သာ သက်ဆိုင်မှုရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ တိုက်ရိုက်လွှင့်ရောင်းချနေသူများ အသုံးပြုနေသည့် Live လုပ်ဆောင်ချက်ကို ပိတ်မည်မဟုတ်သဖြင့် မြန်မာနိုင်ငံမှ တိုက်ရိုက်လွှင့်ရောင်းချသည့် ဈေးရောင်းသူများ၊ လုပ်ငန်းများအတွက်မူ မည်သို့မျှ ထိခိုက်မှုရှိနိုင်မည်မဟုတ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကျော်ဇင်ဦး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဟသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
၀၉:၄၅ ရိုးရာအမွေသက်သေပြုထိန်းသိမ်းကြစို့ရွှေမန
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိမ်မက်' (အပိုင်း-၆+၇)
၁၆:၃၅ အသိပညာနှင့်အမှန်တရား
၁၇:၂၅ မဲခေါင်-လန်ချန်းဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုမှသည်ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှုဆီသို့
၁၇:၃၅ ဖွံ့ဖြိုးဝေစည်တို့ကရင်ပြည်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ '(၃၀)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'သိပ္ပ'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၄၀)(ဇာတ်သိမ်း)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ရွှေမြန်မာ့အငြိမ့်'

**mitv**

07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
07:08 Colourful Lotus-Shaped Candles
07:16 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
07:40 A Day In Bagan
08:01 Healthy Diet: Balanced Diet
08:07 Family of Toys
08:27 Great Shwedagon - Auspicious Grounds And Devotional Posts
08:40 Taung Byone Nat Festival (Ep-3)
09:01 News
09:26 Global Partnership for Brighter Future: Croatia Pavilion at Expo 2020 Dubai
09:35 Children's Delight: The Ants and the Lazy Grasshopper
09:50 One of the Useful Purposes of Bamboo

**MRTV NRC**

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
ဘိုးဘိုးကြီးနှင့် ယုံကြည်ကိုးကွယ်မှု
ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
ဟင်းခတ်အမွှေးအကြိုင်
ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)
အလှပန်းစုံညီချင်းတောင်ဆီ
မွန် (၀၉:၀၀ မှ ၁၁:၀၀)
ပြည်ထောင်စုထဲက ထာဝရအလှများတည်ရှိရာ (မွန်ပြည်နယ်)
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
ရခိုင်မုန့်တီ
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)
ပုံးအင်းဒေသလေ့လှော်ပြိုင်ပွဲ
ဝ (၁၅:၀၀ မှ ၁၇:၀၀)
ကြက်မောက်သီးနှင့် ကျန်းမာရေး
ကချင် (၁၇:၀၀ မှ ၁၉:၀၀)
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
ကယား (၁၉:၀၀ မှ ၂၁:၀၀)
အလှဖြာဝေငွေတောင်ဆီ
စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)
တံငါသည်တို့ရဲ့ရုန်းကန်လှုပ်ရှားနေရတဲ့ဘဝ
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ
၀၇:၃၅ သဘာဝအတိုင်းပုစွန်မွေးမြူခြင်းနှင့် သိပ္ပံနည်းကျပုစွန်မွေးမြူခြင်းလုပ်ငန်း
၀၇:၄၅ ဒေသနဲ့ကိုက်ညီတဲ့စိုက်ပျိုးနည်း
၀၈:၀၀ တောင်သူ့တစ်နေ့တာ
၀၈:၅၅ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလှပ ဝင်ငွေရမြန်မာ့ရောက်မျိုးများရဲ့အလှ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ဖြင့် နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## မင်းလှမြို့ အခြေခံပညာအထက်တန်း(မြို့တွင်း)ကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများဆောင်ရွက်

မင်းလှ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကာ အမှတ်(၂) ရပ်ကွက် အခြေခံပညာ အထက်တန်း (မြို့တွင်း) ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများ ဆောင်ရွက်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ခင်သန္တာမိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ချိုတို့က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းနှင့် မြို့နယ် သူနာပြုအဆင့်(၁) ဒေါ်ဥမ္မာဝင်းက ကျောင်းကျန်းမာရေး အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြိုင်ပွဲတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးပြီး **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူလေးများကို ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**



❖ *ကျောဖုံးမှ*

မြန်မာအသင်းအပါအဝင် အိမ်ရှင်အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးက "ဆီမီးဖိုင်နယ်ရောက် အသင်းအားလုံးကို ဂုဏ်ပြုစကား ပြောကြားလိုပါတယ်။ အားလုံးက အသင်းကောင်းတွေပါ။ အင်ဒိုနီးရှားက အိမ်ရှင်ဖြစ်နေတဲ့အပြင် အသင်းကောင်း တစ်သင်းပါ။ ကျွန်တော့်အနေနဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်အတွက် အကောင်းဆုံး ကြိုးစားပြင်ဆင်သွားမှာပါ။ ပရိသတ်အများကြီးရှေ့မှာ ကစားရမှာကတော့ ကျွန်တော့်ကစားသမားတွေအတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်"ဟု ပြောကြားသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ ည ၇ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေး၏ ဆုံးဖြတ်ချက်အရ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မိနစ် ၉၀ အတွင်း သရေကျနေပါက အချိန်ပိုဆက်မကစားဘဲ ပယ်နယ်တီဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၈-၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၉၂၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၉၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၈၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၈၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၆၀ ကျပ် | ၁၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၅၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၄ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၃၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၁ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၁၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၁၀၀ | ၁၉၀ | ၁၃၄၉၀၀၀ |
| MTSH | ၂၄၅၀ | ၂၄၀၀ | ၁၈၁၉ | ၄၄၇၀၄၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၃ | ၂၁၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၂ | ၂၁၆၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၀၃ | ၂၄၇၂၀၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၈၂ | ၁၉၆၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့် သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ


မောင်လူအေး (ရေစကြို)

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံ ခန့်ရှိရာ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်မှာ လူငယ်များ ဖြစ်ကြပါသည်။

**ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို လျှော့ချနိုင်မည်ဖြစ်**

အာဆီယံဒေသတွင်းရှိ လူဦးရေ ၆၅၄ သန်းအနက် ၃၄ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များဖြစ်သည်။ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ရာ နယ်ပယ်ကဏ္ဍပေါင်းစုံရှိ လူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် လူငယ်များ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပုံဖော်ပေးခြင်းအားဖြင့် မျိုးဆက်များအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေသကဲ့သို့ ကြုံကြုံခဲ ရင်ဆိုင်နိုင်စွမ်းရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းအား တည်ထောင်နိုင်ကာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသည်။ တိုင်းပြည်၏အခန်းကဏ္ဍအားလုံးတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ အနာဂတ်ကာလတွင် အသင့်ဖြစ်နေသည့် မျိုးဆက်သစ်လူငယ်များ၏အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြု၍လည်းကောင်း၊ လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိနားလည်စေရန်လည်းကောင်း ရည်ရွယ်၍ ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်အမှတ် (၆၄/၁၃၄) ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အဖြစ် သတ်မှတ်၍ ကမ္ဘာ့တစ်ဝန်းလုံးရှိ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုများအားလုံးက နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့် လူငယ်များအား အသိအမှတ်ပြုဂုဏ်ပြုခြင်း အခမ်းအနားများ ကျင်းပပြုလုပ်ရန် တိုက်တွန်းခဲ့ပြီး နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်လျက်ရှိသည်။




**သက်ရွယ်စုံပါဝင်သည့် ကမ္ဘာကြီးပုံဖော်ပေးနိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်**

၂၀၂၂ ခုနှစ် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ **“Intergenerational Solidarity: Creating a World for All Ages”** **“မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့် သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ”** ဖြစ်ပြီး ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်စေရေးအတွက် မျိုးဆက်များ အချင်းချင်းကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သက်ရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီး ဖန်တီးပုံဖော်ပေးနိုင်ရေး ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

မျိုးဆက်သစ်နှင့် မျိုးဆက်ဟောင်းများ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ခြင်းအားဖြင့် အခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်မည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမနေစေရေး သေချာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အခမ်းအနားကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အခမ်းအနားကို **“မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့် သက်ရွယ်စုံညီကမ္ဘာသစ်ဆီ”** ဆောင်ပုဒ်ဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံ့ဝန်ထမ်းလူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်များ ပူးပေါင်းပါဝင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်အား အာဆီယံလူငယ်များနှစ်အဖြစ် သတ်မှတ်ထားရှိကာ “စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့”ဟူသော ဆောင်ပုဒ်ဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အာဆီယံလူငယ်များ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

လူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များမှတစ်ဆင့် လူငယ်များအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးပုံဖော်ပေးနိုင်ရေးအတွက် မျိုးဆက်များအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေမည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များတွင် လူငယ်များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ကိုဗစ်-၁၉ ကာလအလွန် အာဆီယံ ပြန်လည်ကုစားရေး မူဘောင်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များကို အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ကို အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးမှ ၂၀၂၁ ခုနှစ်တွင် အတည်ပြုပေးနိုင်ခဲ့ပြီး ယင်းလုပ်ငန်းအစီအစဉ်တွင် လူငယ်များအတွက် (၁) ပညာရေး၊ (၂) ကျန်းမာရေးနှင့် သာယာဝပြောမှု၊ (၃) အလုပ်အကိုင် အခွင့်အလမ်း၊ (၄) ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် (၅) အာဆီယံနှင့်ပတ်သက်၍ သိရှိနားလည်မှု၊ တန်ဖိုးထားမှုနှင့် ဝိသေသလက္ခဏာများ စသည့်ကဏ္ဍနယ်ပယ်ငါးရပ်ပါရှိပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၄ သန်းအနက် အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းသည် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄ နှစ်အတွင်းသည် ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ အသက်၂၅ နှစ်မှ ၂၉ နှစ်အတွင်းသည် ၈ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် အသက် ၃၀ မှ ၃၄ နှစ်အတွင်းမှာ ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိပေရာ မြန်မာနိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များ ဖြစ်ကြပါသည်။

သို့ဖြစ်ရာ အလုပ်လုပ်နိုင်သော လူငယ်ဦးရေအချိုးအစား များပြားခြင်းကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံသည် “လူဦးရေဆိုင်ရာဆုလာဘ်” ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းလူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်၍ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။

**လူငယ်ဆိုင်ရာအဓိကကဏ္ဍ ၁၆ ခုဖော်ထုတ်**

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒအရ လူငယ်ဆိုင်ရာ အဓိကကဏ္ဍ ၁၆ ခု ဖော်ထုတ်ထားရှိရာ ၎င်းတို့မှာ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် အခြားသောဘေးဖြစ်စေတတ်သည့်အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ အနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး/ဘဝလုံခြုံရေး၊ ကျား/မ ညီမျှမှု၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး စသည့်ကဏ္ဍများဖြစ်သည်။

**အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်**

မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒအရ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ကို အဓိကဦးဆောင်သော ဝန်ကြီးဌာနများအဖြစ် သတ်မှတ်ထားရှိသော်လည်း လူငယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်များမှာ ကျယ်ပြန့်သည့်အပြင် အခြား ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းရပ်များ၊ ဆောင်ရွက်ချက်များ၊ ကဏ္ဍများနှင့် ဆက်စပ်လျက်ရှိသည့် cross-cutting ကဏ္ဍများဖြစ်ပေရာ အားလုံးပူးပေါင်းပါဝင်သော ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များအား စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁-၈-၂၀၂၁) ရက်စွဲပါ အမိန့်အမှတ် (၁၅၁/၂၀၂၁)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အလားတူ (၂-၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)၏ သဘောတူခွင့်ပြုချက်အရ လူငယ်ရေးရာဦးစီးဌာနအား အရာထမ်း ၃၆၉ ဦး၊ အမှုထမ်း ၁၅၁၁ ဦး စုစုပေါင်း ၁၈၈၀ ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အရာထမ်း ၃၃ ဦး၊ အမှုထမ်း ၁၆၅ ဦး စုစုပေါင်း ၁၉၈ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

*စာမျက်နှာ ၂၁ သို့*

> **“အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသည်။ တိုင်းပြည်၏ အခန်းကဏ္ဍအားလုံးတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိသည်”**

*စာမျက်နှာ ၂၀ မှ*

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် (၃)ရပ်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀)တို့နှင့်အညီ မူဝါဒ(၇)ရပ်၊ ရည်မှန်းချက် (၇) ရပ်၊ လုပ်ငန်းစဉ် (၁၀) ရပ် ချမှတ်၍ ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ရေးရာဦးစီးဌာန အနေဖြင့် လူငယ်များ၏အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် လူငယ်များ၏အခွင့်အရေးများ ကာကွယ်ပေးသည့် ဥပဒေရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပါသည်။ လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်မှာ **"လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"** ဖြစ်ပြီး လူငယ်များ၏ ငယ်ရွယ်နုပျိုသည့် ညီညွတ်သောစွမ်းအားဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားတိုးတက်အောင် အလင်းဆောင်ပေးနိုင်ရေး ရည်ရွယ်ခြင်းဖြစ်သည်။

လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်သည့် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၄–၆–၂၀၂၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၂)၊ (၁၁၂/၂၀၂၂)၊ (၁၁၃/၂၀၂၂) တို့ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ လူငယ်မျိုးဆက်သစ်များ အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများ အပြည့်အဝရရှိစေရေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အာဆီယံ လူငယ်ဆိုင်ရာ လုပ်ငန်းများဖြစ်သည့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting on Youth–SOMY)၊ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (ASEAN Ministerial Meeting on Youth–AMMY)၏ တာဝန်ဝတ္တရားများကိုလည်း ဗဟိုချက်ဌာနအဖြစ် ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အာဆီယံလူငယ်ရေးရာ လုပ်ငန်းအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Work Plan on Youth 2021–2025) အပေါ် အတည်ပြုထောက်ခံချက် ပေးပို့ခဲ့ပြီးဖြစ်သကဲ့သို့ အာဆီယံလူငယ်ရေးရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံလူငယ်ဆိုင်ရာရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို အခြားအာဆီယံနိုင်ငံများနည်းတူ နှစ်စဉ်ထည့်ဝင်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွက် နှစ်စဉ်ကြေးကို ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာလူငယ်များ အပါအဝင် အာဆီယံလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် ဒုတိယအကြိမ်မြောက် အာဆီယံလူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းများ၏ ဦးစားပေး နယ်ပယ်/ ကဏ္ဍများနှင့် အညွှန်းကိန်းများကို ၁၁–၃–၂၀၂၂ ရက်နေ့တွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၄–၃–၂၀၂၂ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း အကြံပြုပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်း အစီအစဉ် ၂၀၂၅ ပါ လူငယ်များ၏အခွင့်အရေးများကို မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည့် ရည်မှန်းချက်နှင့်အညီ မြန်မာလူငယ်များ အောက်ဖော်ပြပါ အာဆီယံဒေသအဆင့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်ရည်ရွယ်၍ နေ့စဉ်ထုတ်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းမီဒီယာများမှတစ်ဆင့် အဆိုပါပြိုင်ပွဲများနှင့် အစီအစဉ်များကို အသိပေးဖြန့်ဝေပေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်–

(၁) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်၊
(၂) လန်ချန်း–မဲခေါင် လူငယ်စွန့်ဦးတီထွင်သူများ တွေ့ဆုံပွဲ၊
(၃) ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့နှင့် အာဆီယံဒေသတွင်း ညီလာခံ၊
(၄) အာဆီယံ–ဩစတြေးလျ လူငယ်စိတ်ကျန်းမာရေးစကားဝိုင်း၊
(၅) ဒုတိယအကြိမ် တရုတ်–အာဆီယံလူငယ်ပန်းချီပြပွဲ ၂၀၂၂၊
(၆) အာဆီယံလူငယ်စကားဝိုင်း ၂၀၂၂ (ASEAN Youth Debate 2022)၊
(၇) ပထမအကြိမ် အာဆီယံလူငယ်စကားဝိုင်း(၂၀၂၂) (The First ASEAN Youth Dialogue 2022) (ကမ္ဘောဒီးယားနိုင်ငံ)၊
(၈) အာဆီယံလူငယ် ဓာတ်ပုံပြိုင်ပွဲ၊
(၉) အီး–အာဆီယံ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် (ထိုင်းနိုင်ငံ)၊
(၁၀) အာဆီယံလူငယ် ဗီဒီယိုပြိုင်ပွဲ၊
(၁၁) အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာစွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်၊
(၁၂) အာဆီယံ + စေတနာ့ဝန်ထမ်းလူငယ်များ တွေ့ဆုံပွဲအစီအစဉ် (ဗီယက်နမ်နိုင်ငံ)၊
(၁၃) အာဆီယံလူငယ်မိတ်ဖက် တွေ့ဆုံပွဲ (စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ)၊
(၁၄) အာဆီယံဘာသာပေါင်းစုံ လူငယ်များတွေ့ဆုံပွဲ (အင်ဒိုနီးရှားနိုင်ငံ)၊
(၁၅) (၉)ကြိမ်မြောက် အာဆီယံ–ကိုရီးယား စီးပွားရေးဖိုရမ်၊

**လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်**

အာဆီယံ ခေါင်းဆောင်များ၏ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် လူငယ်များ၏အခန်းကဏ္ဍနှင့်စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ အပါအဝင် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းသွားရန် ကတိကဝတ်နှင့်အညီ မြန်မာလူငယ်များ၏ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းမီဒီယာများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ပြိုင်ပွဲကျင်းပရေးကော်မတီများနှင့် အစီအစဉ်အား ဦးစီးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အတည်ပြုပြဋ္ဌာန်းမည့် "အာဆီယံလူငယ်နှစ် ၂၀၂၂ ခုနှစ်တွင် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ခြင်းဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး"အာဆီယံခေါင်းဆောင်များ၏ကြေညာချက်အပေါ် သဘောထားမှတ်ချက်ပေးပို့နိုင်ခဲ့ပါသည်။

၅.၅.၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် နည်းပါးနေသည်ကိုတွေ့ရကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သော မြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများ အနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို မသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာဟူသောစိတ်ရှိရန် သင်ကြားဆွေးနွေးလေ့ကျင့်ပေးရန် လိုအပ်ကြောင်း" လမ်းညွှန်မှာကြားသွားပါသည်။

